မြတ်ဗုဒ္ဓ၏အဆုံးအမတရား

မိမိထက်အသက်သိက္ခာဝါကြီးသောသူတို့ကို အမြဲ အရိုအသေပြုလေ့ ရှိခိုးလေ့ရှိသောသူမှာ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်း ဟူသောအကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။

ဓမ္မပဒ

# မြဝတီ နေ့စဉ်

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

သတင်းထူးပြီး မှန်ရမည်၊ သတင်းဦးပြီး မြန်ရမည် မြဝတီမှ မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၁၆၇)

၁၃၈၆ ခုနှစ်၊ တော်သလင်းလကွယ်နေ့
၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၂ ရက်၊ ဗုဒ္ဓဟူးနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတစ်ဝန်း လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း စတင်ကောက်ယူ၊

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏မိသားစုအား လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနက သန်းခေါင်စာရင်းဆိုင်ရာအချက်အလက်များကောက်ယူခြင်းဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁**

ယနေ့မှစတင်၍ နိုင်ငံတစ်ဝန်း၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိပြီး အောက်တိုဘာလ ၁၅ ရက်အထိ ၁၅ ရက်ကြာ ကောက်ယူဆောင်ရွက်သွားမည်ဖြစ်သည်။

ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏မိသားစု လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ဦးဆောင်သည့်သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့က ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ တပ်မတော်ဧည့်ရိပ်သာသို့လာရောက်၍ သန်းခေါင်စာရင်းကောက်ယူကြသည်။

သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့က သန်းခေါင်စာရင်းမေးခွန်းများကို မေးမြန်း **စာမျက်နှာ ၅ ကော်လံ ၁**☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့၏ သန်းခေါင်စာရင်းမေးခွန်းများကို ပြည့်ပြည့်စုံစုံဖြေကြားစဉ်။


**ပြည်လုံးကျွတ်သန်းခေါင်စာရင်း ဒုတိယနေ့ကောက်ယူနေပါသည်။**



## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၂ ရက်)

# ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့

သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းမှာ အလွန်ကျယ်ပြန့်ပြီး လုပ်ငန်းပမာဏကြီးမားရုံသာမက ငွေကုန်ကြေးကျလည်းအလွန်များလှသည်။ ကမ္ဘာ့နိုင်ငံအများစုတွင် ဆယ်နှစ်လျှင်တစ်ကြိမ်သာ ကောက်ယူကြသည်။ သန်းခေါင်စာရင်းလုပ်ငန်းမှာ လူတစ်ဦးချင်းစီနှင့်သက်ဆိုင်ပြီး မဖြစ်မနေဆောင်ရွက်ရန်လိုအပ်လာခြင်းကြောင့် မှတ်ပုံတင်စာရင်းအင်းအချက်အလက်များပြည့်စုံသည့် ဖွံ့ဖြိုးပြီးနိုင်ငံများမှာပင် သန်းခေါင်စာရင်းကို ပုံမှန်ကောက်ယူလျက်ရှိကြသည်။ နိုင်ငံတစ်နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကိုလေ့လာမည်ဆိုလျှင် ထိုနိုင်ငံကထုတ်ပြန်သည့်လူဦးရေနှင့် လူမှုစီးပွားဆိုင်ရာစာရင်းအင်းအချက်အလက်များကို ဆန်းစစ်လေ့လာခြင်းဖြင့်သိရှိနိုင်သည်။ စာရင်းအင်းအချက်အလက်များမှာ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကိုထင်ဟပ်ဖော်ပြနေခြင်းဖြစ်၍ တစ်နိုင်ငံလုံး၏စာရင်းအင်းဆိုင်ရာကိန်းဂဏန်းအချက်အလက်များ တိတိကျကျမှန်မှန်ရရှိရေးသည် လွန်စွာအရေးကြီးလှသည်။ နိုင်ငံတစ်နိုင်ငံ၏လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များကို ကဏ္ဍအလိုက်အချိုးညီညီ ဘက်စုံဖွံ့ဖြိုးတိုးတက်ရန်မူဝါဒချမှတ်ခြင်း၊ စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ခြင်း စသည့်လုပ်ငန်းများဆောင်ရွက်ရာတွင် အခြေခံအဖြစ်အသုံးပြုရသည့် လူဦးရေဆိုင်ရာကိန်းဂဏန်းအချက်အလက်များကို သန်းခေါင်စာရင်းမှသာရရှိနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအပြီး ၁၀ နှစ်အကြာ ယခု ၂၀၂၄ ခုနှစ်တွင် သန်းခေါင်စာရင်းကို နောက်တစ်ကြိမ်ကောက်ယူခြင်းဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းအထိမ်းအမှတ် စက်တင်ဘာလ ၁ ရက် ပြည်သူသို့ပြောကြားသည့်မိန့်ခွန်းတွင် **"သန်းခေါင်စာရင်းရလဒ်ဟာ နိုင်ငံအတွက် အရေးပါတဲ့အချက်အလက်များဖြစ်သလို မိမိတို့တစ်ဦးချင်းအတွက်လည်း အကျိုးကျေးဇူးရရှိစေမှာလည်း ဖြစ်ပါတယ်။ ဒါ့ကြောင့် လက်ဝယ်ရရှိနေတဲ့အခွင့်အရေးကြီးကို ပြည့်ပြည့်ဝဝရရှိခံစားနိုင်ဖို့အတွက် သန်းခေါင်စာရင်းကိုလူတိုင်း အကောက်ခံကြဖို့လည်းလိုအပ်ပါတယ်၊ လူတိုင်းပါဝင်ကြဖို့လည်း လိုအပ်ပါတယ်။ အိမ်ထောင်စုအဖွဲ့အစည်းတိုင်းအတွက် စာရင်းကောက်တွေက အိမ်တိုင်ရာရောက်လာရောက် မေးမြန်းမယ့်မေးခွန်းတိုင်းအပေါ်မှာ သံသယစိတ်၊ စိုးရိမ်ကြောင့်ကြစိတ်များကင်းစွာနဲ့ နောင်အနာဂတ်မျိုးဆက်သစ်တွေအကျိုးအတွက်အမှန်ကိုအမှန်အတိုင်း အမှားအယွင်းမရှိအောင် ယုံယုံကြည်ကြည် ဖြေကြားကြဖို့လိုအပ်ပါတယ်"** ဟူ၍ ထည့်သွင်းပြောကြားခဲ့သည်။

သန်းခေါင်စာရင်းမှရရှိသည့်ကိန်းဂဏန်းများမှာ လက်ရှိအစိုးရတစ်ရပ်အတွက်သာမက နောင်အစိုးရအဆက်ဆက်ထိ လက်ဆင့်ကမ်းအမွေပေးရမည့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိန်းဂဏန်းအချက်အလက်များဖြစ်သည်။ ထိုအချက်အလက်များမှာ အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုနယ်ပယ်အဆင့်တိုင်းအတွက် ထိရောက်သည့်ဖွံ့ဖြိုးမှုစီမံကိန်းများရေးဆွဲနိုင်ရန်နှင့် အထောက်အထားအခြေပြုဆုံးဖြတ်ချက်များချမှတ်ရာတွင်မရှိမဖြစ်လိုအပ်သည်။ နိုင်ငံမှာ သယံဇာတရင်းမြစ်များ ခွဲဝေသတ်မှတ်ခြင်းများ၊ ဘဏ္ဍာငွေခွဲဝေချမှတ်ခြင်းများ၊ နယ်မြေရေးယာနယ်နိမိတ်များကို ပြန်လည်ဆန်းစစ်ခြင်းများကလည်း လူဦးရေပေါ်မှာပင် အခြေခံရခြင်းဖြစ်သည်။ စာသင်ကျောင်း၊ ဆေးရုံနှင့်ကျန်းမာရေးဌာနများ၊ လမ်း၊ တံတားများ စသည့်အခြေခံအဆောက်အဦများတည်ဆောက်ပေးခြင်းနှင့် သုတေသနလုပ်ငန်းများမှာလည်း သန်းခေါင်စာရင်းက ရရှိလာသည့်အချက်အလက်များကို လေ့လာဆန်းစစ်အသုံးပြုနိုင်မှာဖြစ်၍ နိုင်ငံတော်အတွက်များစွာ အသုံးဝင်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမရည်မှန်းချက်ဖြစ်သည့် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးအောင်မြင်စွာကျင်းပနိုင်ရန်အတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် မဲစာရင်းတိကျမှန်ကန်ရေးလုပ်ဆောင်ရာတွင်လည်း သန်းခေါင်စာရင်းအချက်အလက်များကို အသုံးပြုရမည်ဖြစ်သည်။ ထို့ပြင် သန်းခေါင်စာရင်းအချက်အလက်များသည် ကုလသမဂ္ဂ၏ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့်ဖွံ့ဖြိုးမှုပန်းတိုင်(Sustainable Development Goals – SDGs)နှင့်မြန်မာနိုင်ငံ၏ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း(Myanmar Sustainable Development Plan – MSDP) စသည့် ပြည်တွင်းပြည်ပဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာအစီအစဉ်များ၊ ဆောင်ရွက်ချက်များကို ဆန်းစစ်လေ့လာရာတွင်လည်း အထောက်အကူဖြစ်စေမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတစ်ဝန်းမှာဆောင်ရွက်တော့မည့် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းလုပ်ငန်းစဉ်ကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ကောက်ယူနိုင်ရန်စီမံဆောင်ရွက်လျက်ရှိသည်။ ကြိုတင်ပြင်ဆင်သည့်လုပ်ငန်းအဆင့်ဆင့်ကိုလည်း လွန်ခဲ့သည့်နှစ်များကစပြီး အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လာသည်မှာ လက်ရှိအခြေအနေတွင် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူနေပြီဖြစ်သည်။ ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်မှ ၁၅ ရက်အထိ ကောက်ယူမည်ဖြစ်၍ ပြည်သူများအနေဖြင့် ပြည့်ပြည့်စုံစုံဖြေကြားပေးခြင်းဖြင့် ကူညီကြရမည်ဖြစ်သည်။ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းမှာ ပြည်တွင်းရှိလူ့စွမ်းအားအရင်းအမြစ်များကို အခြေခံပြီး မိမိတိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေသည့်အမျိုးသားရေးလုပ်ငန်းစဉ်တစ်ခုဖြစ်ပေရာ "ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ယူစို့"ဟူ၍ တိုက်တွန်းနှိုးဆော်လိုက်ရပေသည်။ ။

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ
# ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့်အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

( ခ ) နိုင်ငံ့ဝန်ထမ်းများ။

( ဂ ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။

( င ) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။

( စ ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

( ခ ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်းလုပ်ငန်း နည်းပညာပေးသင်တန်းဖွင့်လှစ်

နေပြည်တော် အောက်တိုဘာ ၁

နေပြည်တော်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှအသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းလုပ်ငန်းဆောင်ရွက်မည့် စက်ချုပ်နည်းပညာသင်တန်းနှင့် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာလ ၁ ရက်တွင် Incubation Center ၌ ကျင်းပသည်။

အခမ်းအနားတွင် စီမံကိန်းလုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမင်းဦးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် နေပြည်တော်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်စိုးမမဌေးက ကျေးရွာနှစ်ရွာမှ စီမံကိန်းကော်မတီဝင်များအား စီမံကိန်းဝတ်စုံများပေးအပ်သည်။

အဆိုပါစက်ချုပ်နည်းပညာသင်တန်းကို အောက်တိုဘာလ ၁ ရက်မှ နိုဝင်ဘာလ ၄ ရက်အထိ သင်တန်းသူ ၁၀ ဦးဖြင့် ဖွင့်လှစ်မည်ဖြစ်ပြီး ပုဗ္ဗသီရိမြို့နယ်ဆင်ဖြူရှင်ရပ်ကွက်၌ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းကို အောက်တိုဘာလ ၁ ရက်မှ ၇ ရက်အထိ သင်တန်းသား၊ သင်တန်းသူ ၁၅ ဦးဖြင့် ဖွင့်လှစ်ပို့ချမည်ဖြစ်သည်။

နေပြည်တော်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ကျေးရွာ ၁၄ ရွာတွင် ကိုယ်ပိုင်လုပ်ငန်းများထူထောင်လာနိုင်သည်အထိ အသက်မွေးဝမ်းကျောင်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးပြီး လုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးမည်ဖြစ်ကြောင်း၊ အသေးစားကုန်ထုတ်လုပ်ငန်းရှင် ၇၀ ဦးကို လုပ်ငန်းထူထောင်ပေးနိုင်မည်ဖြစ်ကြောင်း၊ ၂၀၂၅- ၂၀၂၆ ဘဏ္ဍာနှစ်အတွင်းတွင်လည်း နေပြည်တော်ကောင်စီနယ်မြေအတွင်း ရာဂိမုန်တိုင်းဒဏ်ကြောင့် သဘာဝဘေးဒဏ်သင့်ခဲ့ရသည့်ကျေးရွာများကို ဦးစားပေး၍ လုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ရန် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ဇော်မျိုး(မြဝတီ)

မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။


**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

## နိုင်ငံရေးပြဿနာအား နိုင်ငံရေးနည်းလမ်းဖြင့်ဖြေရှင်းရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ကမ်းလှမ်းဖိတ်ခေါ် ခြင်းအပေါ် ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီက ကြိုဆိုထောက်ခံကြောင်း သဘောထားထုတ်ပြန်

နေပြည်တော် အောက်တိုဘာ ၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လက်နက်ကိုင်လမ်းစဉ်နှင့် အကြမ်းဖက်လမ်းစဉ်တို့ကြောင့် နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့ရသည့်ဆုံးရှုံးနစ်နာမှုများကို ထောက်ရှု၍ ထာဝရငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူများနှင့်အတူ လက်တွဲဖော်ဆောင်နိုင်ရန်အလို့ငှာ နိုင်ငံတော်အား ဆန့်ကျင်တိုက်ခိုက်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များအား လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်သည့် လမ်းစဉ်ကို စွန့်လွှတ်ကာ ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့်သော်လည်းကောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းမှသော်လည်းကောင်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်တွင် ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့ရသည့် ဆုံးရှုံးနစ်နာမှုများကိုထောက်ရှု၍ နိုင်ငံရေးပြဿနာအား နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် ကမ်းလှမ်းဖိတ်ခေါ်ခဲ့မှုအပေါ် ကြိုဆိုထောက်ခံပါကြောင်းဖက်ဒရယ်ဒီမိုကရက်တစ်ပါတီက သဘောထားထုတ်ပြန်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




## ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်

၁။ မိမိတို့ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီသည် နိုင်ငံရေးပြဿနာအား နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန်မူကိုလက်ခံထားပါသည်။ မိမိတို့နိုင်ငံသည် လွတ်လပ်ရေးရပြီးသည်မှ ယနေ့ထိ တိုင်းပြည်တစ်ဝှမ်းတွင် ယမ်းငွေ့များဝေလျက်ရှိပါသည်။ တိုင်းပြည်ငြိမ်းချမ်းမှသာ နိုင်ငံတိုးတက်မည်ဖြစ်သောကြောင့် တိုင်းပြည်ငြိမ်းချမ်းရေးကိုရှေးရှုလျက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် နိုင်ငံရေးပြဿနာအား နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် ကမ်းလှမ်းဖိတ်ခေါ်ခြင်းပြုလုပ်ခဲ့ပါသည်။

၂။ မိမိတို့နိုင်ငံသည် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရမည်ဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၌ လွတ်လပ်ပြီး တရားမျှတသောပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်အာဏာလွှဲအပ်ရန်ဆောင်ရွက်နေသော်လည်း အကြမ်းဖက်လက်နက်ကိုင်အဖွဲ့အစည်းများသည် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့်မဖြေရှင်းဘဲ အကြမ်းဖက်နည်းနှင့် ဆောင်ရွက်နေသောကြောင့် အပြစ်မဲ့ရဟန်းများ၊ ဝန်ထမ်းများ၊ ပြည်သူများသည် အသက်ဆုံးရှုံးရပြီး နေရပ်စွန့်ခွာတိမ်းရှောင်နေရသည်မှာလည်း ပြည်သူများအသိပင်ဖြစ်သည်။ ဤကဲ့သို့ အကြမ်းဖက်နှင့်လက်နက်ကိုင်အဖွဲ့အစည်းများ၏လုပ်ရပ်များကို ပြည်သူများမှလိုလားမည်မဟုတ်ပါ။

## ၅၀၀ ကေဗွီ ဘုရားကြီးဓာတ်အားခွဲရုံတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းတိုးတက်မှု အခြေအနေကို ပြည်ထောင်စုဝန်ကြီး ဦးညာဏ်ထွန်း ကြည့်ရှုစစ်ဆေး



နေပြည်တော် အောက်တိုဘာ ၁

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးညာဏ်ထွန်းသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေး ဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ၅၀၀ ကေဗွီ ဘုရားကြီး ဓာတ်အားခွဲရုံ စီမံကိန်းလုပ်ငန်းတိုးတက်မှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများက စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ဓာတ်အားခွဲရုံ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လက်ရှိလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဝန်ထမ်းအင်အား၊ စက်ယန္တရားအင်အားကို ပိုမိုတိုးချဲ့စုဖွဲ့၍ ဟန်ချက်ညီ ပြီးစီးနိုင်ရေး အင်တိုက်အားတိုက် ဆောင်ရွက်သွားရန်မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် စီမံကိန်းလုပ်ငန်းခွင်အတွင်း Control Building နှင့် Switch Yard တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ထရန်စဖော်မာများ၊ Shunt Reactor တပ်ဆင်နေမှုနှင့် Hybrid Gas Insulated Switchgear (HGIS) တပ်ဆင်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယခုအကောင်အထည်ဖော်တည်ဆောက်လျက်ရှိသည့် ၅၀၀ ကေဗွီ ဘုရားကြီး ဓာတ်အားခွဲရုံစီမံကိန်း ဆောင်ရွက်ပြီးစီးပါက ၅၀၀ ကေဗွီ ဓာတ်အားလိုင်းစနစ်ဖြင့် မြန်မာနိုင်ငံမြောက်ပိုင်းမှ ထုတ်လုပ်လျက်ရှိသည့် လျှပ်စစ်ဓာတ်အားများကို မြန်မာနိုင်ငံတောင်ပိုင်းသို့ ဗို့အားပြည့်ဝတည်ငြိမ်စွာ ပို့လွှတ်နိုင်မည်ဖြစ်သည်။ ယခုအခါ ၅၀၀ ကေဗွီ ဓာတ်အားခွဲရုံများ တည်ဆောက်နေဆဲကာလတွင် ၂၃၀ ကေဗွီဗို့အားဖြင့် လျှပ်စစ်ဓာတ်အားများ စတင်ပို့လွှတ်ပေးလျက်ရှိပြီး ၅၀၀ ကေဗွီစနစ်ဖြင့် ပို့လွှတ်နိုင်ရန်အတွက် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်ခြင်းအပါအဝင် စီမံကိန်းတစ်ခုလုံးအနေဖြင့် ၇၇ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကာ ၂၀၂၅ ခုနှစ်ဧပြီလအတွင်း စီမံကိန်းတစ်ခုလုံး ရာနှုန်းပြည့်ပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၅၀၀)

## ရေကြီးရေလျှံခဲ့မှုများနှင့်စပ်လျဉ်း၍ ပျက်စီးဆုံးရှုံးမှုနှင့်လိုအပ်ချက် ဆန်းစစ်ရေး၊ ဘေးအန္တရာယ်ပြမြေပုံများပြုစုထုတ်ဝေရေးဆိုင်ရာ အကြိုညှိနှိုင်းအစည်းအဝေးကျင်းပ




နေပြည်တော် အောက်တိုဘာ ၁

ရေကြီးရေလျှံမှုများနှင့်စပ်လျဉ်း၍ ပျက်စီးဆုံးရှုံးမှုနှင့် လိုအပ်ချက်ဆန်းစစ်ရေး၊ ဘေးအန္တရာယ်ပြမြေပုံများ၊ ထိခိုက်ဆုံးရှုံးနိုင်ခြေပြမြေပုံများ ပြုစုထုတ်ဝေရေးဆိုင်ရာ အကြိုညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိလူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဒုတိယဥက္ကဋ္ဌ-၂ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ်များဖြစ်သည့် ဒေါက်တာဒေါ်ရင်ရင်နွယ်နှင့် ဦးလူအေး၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ရာသီဥတုပြောင်းလဲမှုကြောင့် သမားရိုးကျမဟုတ်သည့် သဘာဝဘေးကျရောက်မှုများ ပိုမိုဖြစ်ပေါ်နေသည့်ကာလတွင် ကြိုတင်သိရှိခြင်း၊ သိရှိသည်များကို လိုက်နာခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းတို့သည် များစွာအရေးပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အားလုံးအကျုံးဝင်ပြီး တစ်ဦးတစ်ယောက်မှ ကျန်လှပ်စေခြင်းမရှိသည့် ကြိုတင်ပြင်ဆင်မှုမျိုးဖြစ်စေရေးအတွက် လူထုအခြေပြုနှင့်သင်တန်းကျောင်းအခြေပြုအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏အကြံပေးပုဂ္ဂိုလ်များနှင့် အစည်းအဝေးတက်ရောက်လာကြသူများက နိုင်ငံတော်နှင့် ပြည်တွင်းဘေးအန္တရာယ်ကျရောက်ပြီးချိန် ဆန်းစစ်လေ့လာမှုများ၌ ဖော်ထုတ်ရရှိခဲ့သည့် သင်ခန်းစာနှင့် အတွေ့အကြုံများကိုမျှဝေကာ ဆောင်ရွက်သင့်သည်များကို လည်းကောင်း၊ ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေ၊ ဆောင်ရွက်သင့်သည့် နယ်ပယ်များကိုလည်းကောင်း အကြံပြုဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၀)

# မြစ်ကိုအလျားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်

**ယမန်နေ့မှအဆက်**

## အသက်ကလေးတစ်ချောင်း

ငပသုန်ရွာတွင် အဖေကြီးတို့မှာ ညီအစ်ကိုမောင်နှမလေးယောက်ရှိခဲ့ကြသည်။ အဖေကြီးတို့မှာ မိဘအမွေ ကွမ်းသီးခင်းကြီးတစ်ခင်းရှိ၏။ အမွေခွဲဝေသည့်အခါ အဖေကြီးအတွက် လေးပုံတစ်ပုံရသည်။ ဤမြေတစ်စိတ်သည်ပင်လျှင် အိမ်ခြေရာခြေမဲ့နေသော အဖေ့အတွက် အိမ်တစ်လုံးစာ မြေတစ်ကွက်ကောင်းကောင်းရခဲ့လေပြီ။

၁၉၇၃ ခုနှစ်အရောက်မှာ အဖေ့ ကြက်၊ ဝက်တို့ကို ခြံလိုက်ရောင်းရငွေ၊ အဖေနှင့်ကျွန်တော် သားအဖနှစ်ယောက် ရေတံငါအလုပ်ဖြင့် ရရှိသည့်ငွေတို့ကို စုပေါင်းပြီး အဖေ့ရွာ ငပသုန်မှာပဲ အိမ်တစ်လုံးကောင်းကောင်းဆောက်နိုင်ခဲ့သည်။ ပင်လယ်ပြင်ကမ်းနံဘေး တောတန်းတစ်နေရာ တဲအိမ်ကလေးကနေ ကျွန်တော်တို့မောင်နှမတွေ အဖေ့မွေးရပ်ရွာ ငပသုန်ရွာသို့ ပြောင်းရွှေ့ခဲ့ကြရလေပြီ။ ကျွန်တော်တို့မောင်နှမတွေမှာ လူတွေနေကြသည့် လူနေရပ်ဝန်းသို့ ရောက်ခဲ့ကြလေပြီ။ လူသူမနီးသည့်တောကြီးထဲတွင် ၁၉၆၇ ခုနှစ်မှ ၁၉၇၃ ခုနှစ်ထိ တောတွင်းနေတာဇ်ဘဝဖြင့် ခုနစ်နှစ်တိတိ ဟောဝန်မြိုင်စွန်းမှာ လွမ်းအောင်ဖန်ပြီး ဘဝကြမ်းကို ဖြတ်သန်းခဲ့ကြပေသည်တကား။

● ● ● ● ● ● ● ● ●

မြန်မာနိုင်ငံအနောက်ဘက်ခြမ်းတွင် သဘာဝကျလှချင်တိုင်းလှနေသော ဘင်္ဂလားပင်လယ်သည် အားကောင်းမောင်းသန်လူညိုထွားကြီး ရခိုင်ရိုးမ တောင်တန်းကြီးနှင့် ချစ်ကြိုးယှက်နွှယ် သံယောဇဉ်တွယ်မိကြသောအခါ ကျွန်းကြီး၊ ကျွန်းငယ်အသွယ်သွယ်၊ တောင်စွယ်တောင်တန်းတို့ကို မွေးထုတ်ပေးလိုက်ပါတော့သည်။

ငပသုန်ကျွန်းမှာ မြေပုံမြို့နယ်၏တောင်ဘက် အစွန်းဆုံးကျွန်းဖြစ်၏။ နောင်တော်ကြီး၊ နောင်တော်လေးကျွန်းများနှင့်အပြိုင် ဘင်္ဂလားပင်လယ်ပြင်ထဲတွင် တည်ရှိနေပါ၏။ ကျွန်းပေါ်တွင် တောင်ကြီး၊ တောင်ငယ် ၉၉ လုံးရှိသည်ဟု နှုတ်စကားစဉ်ဆက်ရှိခဲ့သည်။ ကမ်းခြေပိုင်းတွင် ရှည်လျားသောသဲသောင်ပြင်ဖြူလွလွနှင့် အုန်းပင်တန်းကြီးက ငပသုန်ရွာ၏အလှကို ပုံဖော်ထားသည့် ပန်းချီကားလိုဖြစ်နေ၏။ လမ်းပန်းဆက်သွယ်ရေးကောင်းသော မြို့ပြအရိပ်အောက်တွင် တည်ရှိလျှင် လှပသောကမ်းခြေ အပန်းဖြေစခန်းအဖြစ် အသက်သွင်းပုံဖော်ခံရမည်မှာ ဧကန်ပင်။



ငပသုန်ရွာသားတို့မှာ ပွင့်လင်းရာသီများတွင် ပင်လယ်ပြင်ငါးဖမ်းခြင်းဖြင့် အသက်မွေးကြသည်။ မိုးတွင်းဆိုလျှင် ရွာနီးချုပ်စပ်မြစ်ငယ်၊ ချောင်းငယ်များတွင်သာ အသေးစားငါးဖမ်းခြင်းမျိုးရှိသည်။ မိုးတွင်းကာလ ခြေခင်းလက်ခင်းသာချိန်မျိုးဆိုလျှင် ရွာနီးချုပ်စပ်တောတန်းတောင်တန်းများတွင် ဟင်းစားအဖြစ် စုပေါင်းအမဲလိုက်ကြသည်လည်းရှိ၏။ ငပသုန်ကျွန်းတွင် တောဝက်နှင့်ချေ(ဂျီ)ပေါသည်။

"ကဲ…ဒီနေ့ နေသာတယ်ဟေ့ အမဲလိုက်ထွက်မယ် ဘယ်သူတွေလိုက်ကြမလဲဟေ့"

ဖိုးချမ်း ရွာလယ်မောင်းထောင်းတလင်းက ဟစ်အော်လိုက်သည်။ ဖိုးချမ်းအနီးတွင် စောလှနှင့်ဖြူသီးတို့ရှိနေကြသည်။ သူတို့သုံးယောက်မှာ အမဲလိုက်တွဲလုံးများဖြစ်ကြသည်။ တောဝက်လိုက်လျှင်လည်း လုံ့ကိုင်ရသူများပင်ဖြစ်ကြသည်။ သိပ်မကြာ ရွာလယ်တလင်းပြင်တွင် လူရွယ်လူလတ်ပိုင်း ၁၀ ယောက်ကျော်ခန့် စုရုံးမိကြသည်။

"ဘညွန့် မင်းပါလိုက်ခဲ့လေ"

ညီလေးကိုကျောပိုးပြီးရောက်လာသော ကျွန်တော့်ကို စောလှက လှမ်းပြောလိုက်သည်။

"ဘယ်ကိုသွားကြမှာမို့လို့လဲ"

"ဒီကျွန်းပေါ်မှာပဲလေ"

ကျွန်တော် ညီလေးကို ညီမလေးဆီ သွားပို့လိုက်သည်။

**ဆက်လက်ဖော်ပြပါမည်။**

## သန်းခေါင်စာရင်းကောက်ကြစို့

❖ ပြည်သူ့အကျိုး ဖြည့်ဆည်းသန်
သန်းခေါင်စာရင်း ကောက်ကြရန်။
ဆယ်နှစ်ချိန်မှန် တစ်ကြိမ်ကောက်
ရင်းမြစ်ချက်လက် အမှန်ရောက်။

❖ စစ်တမ်းကိုကောက် ရှေးအခါ
မြန်မာမင်းများ လက်ထက်မှာ။
ည သန်းခေါင်ခါ လုပ်ငန်းစ
သန်းခေါင်စာရင်း ခေါ်တွင်ကြ။

❖ လွတ်လပ်ပြီးစ ပြည်မြန်မာ
စီးပွားလူမှု ဆောင်ရွက်ရာ။
ပညာကျန်းမာ ဖြည့်ဆည်းရေး
သန်းခေါင်စာရင်း ကောက်ယူပေး။

❖ ဆောင်ရွက်မနေး တို့တစ်တွေ
ပူးပေါင်းဆောင်ရွက် ညီကြလေ။
လူဦးရေနှင့် အိမ်အကြောင်း
စာရင်းကောက်ယူ မှတ်တမ်းကောင်း။

❖ ပြည်သူ့စုပေါင်း ဝိုင်းကြကုန်
အချက်အလက် လွန်ပြည့်စုံ။
ပါတီစုံတဲ့ရွေးကောက်ပွဲ
မှန်ကန်တိကျ ဆန္ဒမဲ။

❖ အားလုံးလက်တွဲ ညီညွတ်ပါ
ကောင်းကျိုးကိုယ်၌တည်စေရာ။
နိုင်ငံပြည်ရွာ သာစေဖို့
သန်းခေါင်စာရင်းကောက်ကြစို့။
ပြည်သူအားလုံးပါဝင်လို့။ ။

**မောင်မင်းသိမ်း(သရက်)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌာနချုပ်ရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။”**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏မိသားစုက သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့၏ မေးခွန်းများကို ဖြေကြားစဉ်။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၏ မိသားစုက သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့၏ မေးခွန်းများကို ဖြေကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၏မိသားစုက သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့၏ မေးခွန်းများကို ဖြေကြားစဉ်။

☆ ရှေ့ဖုံးမှအဆက်
ဖြည့်စွက်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြည့်ပြည့်စုံစုံဖြေကြားခဲ့သည်။

အလားတူ သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ မိသားစု လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၏မိသားစု လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၏မိသားစု လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၏မိသားစု လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးမောင်မောင်အေး၏မိသားစု လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းတို့ကိုလည်း ၎င်းတို့၏နေအိမ်နေရာများသို့ သွားရောက်၍ စာရင်းကောက်ယူခဲ့ကြသည်။

နိုင်ငံတစ်နိုင်ငံသည် သန်းခေါင်စာရင်းကောက်ယူခြင်းမှရရှိသော လူဦးရေဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များအပေါ် အခြေခံ၍ နိုင်ငံ၏လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များကို ကဏ္ဍအလိုက် အချိုးညီညီဖွံ့ဖြိုးတိုးတက်စေရန် မူဝါဒများချမှတ်ခြင်း၊ စီမံကိန်းများရေးဆွဲဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်သဖြင့် လူဦးရေသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို နိုင်ငံအလိုက် ၁၀ နှစ်လျှင် တစ်ကြိမ်ဆောင်ရွက်လျက်ရှိသည်။

သန်းခေါင်စာရင်းမှရရှိသော အချက်အလက်များသည် နိုင်ငံတော်အစိုးရအပါအဝင် ဝန်ကြီးဌာနများနှင့်သာသက်ဆိုင်ခြင်းမဟုတ်ဘဲ နိုင်ငံအတွင်းရှိပြည်သူအားလုံးနှင့်သက်ဆိုင်ပြီး လူတစ်ဦးချင်းစီမှ အဖွဲ့အစည်းအလိုက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကာကွယ်ရေးနှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲရေးကိစ္စရပ်များ၏ ဘက်စုံ၊ ကဏ္ဍစုံအတွက် မဖြစ်မနေအခြေခံအသုံးပြုရသည့် အချက်အလက်များဖြစ်သည်။ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက အဓိကကောက်ယူ အကောင်အထည်ဖော်ဆောင်ရွက်နေပြီး ပြည်သူအားလုံးနှင့်သက်ဆိုင်သည့်လုပ်ငန်းဖြစ်သည်နှင့်အညီ အားလုံးက ဝိုင်းဝန်းကူညီဆောင်ရွက်ကြမှသာ အောင်မြင်နိုင်မည့်လုပ်ငန်းတစ်ခုဖြစ်သည်။

ယခု ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းကို မြန်မာနိုင်ငံ၏တိကျမှန်ကန်သည့် လူဦးရေနှင့်လူမှုစီးပွားရေးဆိုင်ရာ စာရင်းအင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ စဉ်ဆက်မပြတ်ရရှိရန်၊ ၂၀၁၄ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်ကြား ၁၀ နှစ်အတွင်း မြန်မာနိုင်ငံ၏လူဦးရေနှင့်လူမှုစီးပွားရေးဆိုင်ရာပြောင်းလဲမှုများကို နှိုင်းယှဉ်လေ့လာသုတေသနပြုလုပ်ပြီး လိုအပ်သည့် မူဝါဒများ၊ မဟာဗျူဟာနှင့်နည်းဗျူဟာများကို ချမှတ်နိုင်ရန်၊ ကဏ္ဍအလိုက်ချမှတ်ဆောင်ရွက်မည့် စီမံကိန်းများကို အထောက်အကူပြုနိုင်ရန်၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan – MSDP) ကို အကောင်အထည်ဖော်ရာတွင် လိုအပ်သည့်အညွှန်းကိန်းများ ပံ့ပိုးပေးနိုင်ရန်နှင့် အမျိုးသားစာရင်းအင်းစနစ်၏ စာရင်းအင်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့် မဟာဗျူဟာကို အထောက်အပံ့ပြုနိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ကောက်ယူနေခြင်းဖြစ်ကြောင်းသိရှိရသည်။

၂၀၁၄ ခုနှစ်တွင် သန်းခေါင်စာရင်းဆိုင်ရာ မေးခွန်း ၄၁ ခုကိုသာ မေးမြန်းကောက်ယူခဲ့သော်လည်း ယခု ၂၀၂၄ ခုနှစ်တွင် စာရင်းအချက်အလက်များပိုမိုပြီးပြည့်စုံစေရေးအတွက် မေးခွန်း ၂၇ ချက်တိုးမြှင့်၍ သန်းခေါင်စာရင်းဆိုင်ရာမေးခွန်း ၆၈ ခုကို မေးမြန်းကောက်ယူသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **စာမျက်နှာ ၆ သို့** ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၏မိသားစုက သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့၏ မေးခွန်းများကို ဖြေကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးမောင်မောင်အေး၏မိသားစုက သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့၏ မေးခွန်းများကို ဖြေကြားစဉ်။

☆ **စာမျက်နှာ ၅ မှအဆက်**

ထပ်မံတိုးမြှင့်ကောက်ခံမည့် အချက်အလက်များမှ ထင်ရှားသောဥပမာအနေဖြင့် ပညာရေးကဏ္ဍတွင် ကျောင်းဆက်လက် မတက်ရောက်ရသည့်အဓိကအကြောင်းရင်း၊ အိမ်အကြောင်းအရာကဏ္ဍတွင် အမှိုက်စွန့်ပစ်မှုစနစ်၊ သန့်ရှင်းမှုစနစ်စသည်ဖြင့် တိုးမြှင့်မေးမြန်းထားသည်ကိုတွေ့ရှိရပြီး ယင်းအချက်များမှာ ပြည်သူလူထု၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍတို့တွင် အစိုးရမှမည်ကဲ့သို့ ဖြည့်ဆည်းပေးရမည်ကို သုံးသပ်သည့် မေးခွန်းများဖြစ်သဖြင့် လက်တွေ့အသုံးဝင်သည့် အချက်အလက်များပင်ဖြစ်ကြောင်း၊ စာရင်းကောက်ယူသူများက နံနက် ၇ နာရီမှ ညနေ ၆ နာရီအတွင်း နေအိမ်များသို့ လာရောက်စာရင်းကောက်ယူမည်ဖြစ်ပြီး နေအိမ်များသို့ စာရင်းလာကောက်မည့်နေ့ကို ကြိုတင်အကြောင်းကြားမည်ဖြစ်ကြောင်း၊ သန်းခေါင်စာရင်းကောက်ယူခြင်းသည် အိမ်ထောင်စုစာရင်းပုံစံ(၆၆/၆) သို့မဟုတ် ပုံစံ(၁၀) ရှိခြင်း/ မရှိခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားရှိခြင်း/မရှိခြင်းနှင့်မသက်ဆိုင်ကြောင်း၊ တိုင်းရင်းသားဖြစ်ခြင်း၊ မဖြစ်ခြင်း၊ နိုင်ငံသားဖြစ်ခြင်း၊ မဖြစ်ခြင်းနှင့် မသက်ဆိုင်ကြောင်း၊ သန်းခေါင်စာရင်းထည့်သွင်းမကောက်ရမည့်သူများမှအပ သန်းခေါင်စာရင်းရည်ညွှန်းချိန်တွင် မြန်မာနိုင်ငံနယ်နိမိတ်အတွင်းရှိနေသူအားလုံးကို စာရင်းကောက်ယူမည်ဖြစ်ကြောင်း၊ သန်းခေါင်စာရင်းကောက်ယူခြင်းအားဖြင့် သိရှိရသောပိုင်ဆိုင်မှုများနှင့်ပတ်သက်၍ အခွန်ကောက်ခံခြင်း၊ အရေးယူခြင်းတို့ကို လုံးဝပြုလုပ်မည်မဟုတ်ကြောင်း၊ သန်းခေါင်စာရင်းမေးခွန်းတွင် မေးမြန်းထားသောနိုင်ငံခြားသို့ ရောက်ရှိနေကြသော အိမ်ထောင်စုဝင်များအတွက်လည်း စိုးရိမ်ရန်မလိုကြောင်းနှင့် မည်သို့မျှအရေးယူမည်မဟုတ်ကြောင်းသိရှိရသည်။ (၁၀၀)

# နေပြည်တော်ကောင်စီနယ်မြေအတွင်း သန်းခေါင်စာရင်းစတင်ကောက်ယူ



**နေပြည်တော် အောက်တိုဘာ ၁**

အောက်တိုဘာလ ၁ ရက်မှစတင်၍ နိုင်ငံတစ်ဝန်းတွင် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်လျက်ရှိပြီး ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်၌ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြသည်။

ယနေ့နံနက်ပိုင်းတွင် သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့များက ဇမ္ဗူသီရိမြို့နယ် ဇေယျာသိဒ္ဓိရပ်ကွက်အတွင်းရှိ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ၎င်းတို့၏မိသားစုဝင်များ၏ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူကြသည်။

ထို့ပြင် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ သန်းခေါင်စာရင်းကောက်ကွက်(၂၂) ကွက်ဖြစ်သည့် ဝဏ္ဏသိဒ္ဓိရပ်ကွက် (၂) နေရာ၊ သုခသိဒ္ဓိရပ်ကွက် (၂)နေရာ၊ ဓနသိဒ္ဓိရပ်ကွက် (၂)နေရာ၊ ဗလသိဒ္ဓိရပ်ကွက် (၁) နေရာ၊ မင်္ဂလာသိဒ္ဓိရပ်ကွက် (၂)နေရာ၊ ဘောဂသိဒ္ဓိရပ်ကွက် (၂)နေရာ၊ ဥဩာသိဒ္ဓိရပ်ကွက် (၁)နေရာ၊ ပညာသိဒ္ဓိရပ်ကွက် (၂)နေရာ၊ ရွှေကြာပင်ရပ်ကွက် (၂)နေရာ၊ သပြေကုန်းရပ်ကွက် (၁)နေရာ၊ အောင်ဇမ္ဗူရပ်ကွက် (၂)နေရာနှင့် တဲကြီးကုန်းကျေးရွာအုပ်စု(၁)နေရာ စသည့်သတ်မှတ်နေရာများအတွင်းရှိ ဌာနဆိုင်ရာအကြီးအကဲများ၏ မိသားစုဝင်များ၊ နိုင်ငံ့ဝန်ထမ်းများ၏ မိသားစုဝင်များ၊ ရပ်ကွက်နေပြည်သူများ၏ မိသားစုဝင်များကို မြို့နယ်သန်းခေါင်စာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီ၊ ရပ်ကွက်သန်းခေါင်စာရင်းကော်မတီ၊ ရပ်ကွက်သန်းခေါင်စာရင်းကောက်ယူရေး အထောက်အကူပြုအဖွဲ့များနှင့်ပူးပေါင်း၍ သတ်မှတ်နေရာများသို့သွားရောက်၍ အိမ်ထောင်စုမေးခွန်းပုံစံ မေးခွန်း ၆၈ ခုကို Mobile Tablet များအသုံးပြုကာ မေးမြန်းစာရင်းကောက်ယူပြီး ရရှိလာသည့်အချက်အလက်များကို CAPI စနစ်ကို အသုံးပြု၍ နေပြည်တော်ရုံးချုပ် Server သို့ပေးပို့ခြင်းများ ဆောင်ရွက်ကြသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်း ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရန် ကောက်ကွက် (၂၇၁) ကွက်ကို စာရင်းစစ် ၂၃ ဦး၊ စာရင်းကောက် ၈၈ ဦးဖြင့် သတ်မှတ်နေရာများအလိုက် ကောက်ယူသွားမည်ဖြစ်ရာ တိုင်းရင်းသားပြည်သူများက မိမိတို့အကျိုး၊ နိုင်ငံ့အကျိုးအတွက် ဝိုင်းဝန်းပူးပေါင်း လက်တွဲဆောင်ရွက်ကြရန်လိုအပ်သည်။

အဆိုပါ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို အောက်တိုဘာလ ၁ ရက်မှ ၁၅ ရက်အထိ ကွင်းဆင်းကောက်ယူသွားမည်ဖြစ်သည်။ သန်းခေါင်စာရင်း ကွင်းဆင်းကောက်ယူခြင်းမှရရှိသည့် လူဦးရေဆိုင်ရာကိန်းဂဏန်းအချက်အလက်များအပေါ် အခြေခံ၍ နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များကို ကဏ္ဍအလိုက် အချိုးညီညီ ဖွံ့ဖြိုးတိုးတက်စေရန် မူဝါဒများချမှတ်ခြင်း၊ စီမံကိန်းများ ရေးဆွဲဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်သဖြင့် လူဦးရေသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို နိုင်ငံအလိုက် ၁၀ နှစ်လျှင်တစ်ကြိမ်မဖြစ်မနေဆောင်ရွက်လျက်ရှိသည်။ **(သတင်းစဉ်)**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၅˚C | / | ၃၁.၈˚C |
| ရန်ကုန် | ၂၄˚C | / | ၃၁.၅˚C |
| မန္တလေး | ၂၅˚C | / | ၂၈.၃˚C |


**လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ**

**အဖိုးတန်ရေချိုကို ချွေတာကြပါစို့**


## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂-၁၀-၂၀၂၄(ဗုဒ္ဓဟူးနေ့)


| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၁။ | ၆:၀၂ | နိုင်ငံတော်သီချင်း | ၈။ | ၉:၃၅ | ပန်းရောင်စုံသင်းပျံ့မွှေး မြန်မာတိုင်းရင်းဆေး | ၁၃။ | ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ |
| ၂။ | ၇:၁၆ | မေတ္တာပို့ | ၉။ | ၁၀:၄၀ | စိုက်ပျိုးသုတ | ၁၄။ | ၁၈:၄၀ | Music Gallery |
| ၃။ | ၇:၂၁ | ဓမ္မပူဇာတေး | ၁၀။ | ၁၃:၁၀ | အမှတ်တရနေ့ရက်များ | ၁၅။ | ၁၉:၀၀ | **(၁၉၉၅) ခုနှစ်၊ မြဝတီအငြိမ့်ပြိုင်ပွဲ မြသံလွင်အငြိမ့်(ဒုတိယပိုင်း) (အရှေ့တောင်တိုင်းစစ်ဌာနချုပ်)** |
| ၄။ | ၇:၄၀ | မျိုးချစ်တပ်မတော် | ၁၁။ | ၁၆:၅၀ | ယဉ်ကျေးလိမ္မာဓမ္မတေးကဗျာ | | | |
| ၅။ | ၈:၀၅ | အမျိုးသားရေးတေးကဗျာ | ၁၂။ | ၁၈:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း | | | |
| ၆။ | ၈:၄၅ | ဇာတ်လမ်းတို | | | | | | |
| ၇။ | ၉:၂၅ | ရှေးဟောင်းသုတ | | | | | | |

# အာရှပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲအဖွဲ့(အေစီဒီ)၏ တတိယအကြိမ်မြောက် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကာတာနိုင်ငံသို့ထွက်ခွာ

နေပြည်တော် အောက်တိုဘာ ၁

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကာတာနိုင်ငံ ဒိုဟာမြို့၌ကျင်းပမည့် အာရှပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာဆွေးနွေးပွဲအဖွဲ့ (အေစီဒီ)၏ တတိယအကြိမ်မြောက် ထိပ်သီးအစည်းအဝေးသို့တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင်ရန်ကုန်မြို့မှ ကာတာနိုင်ငံသို့ ထွက်ခွာသွားကြောင်း သိရသည်။

(သတင်းစဉ်)




# ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနား ကျင်းပပြုလုပ်


နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားတွင် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးဝင်းဇော်မိုး မိန့်ခွန်းပြောကြားစဉ်။

နေပြည်တော် အောက်တိုဘာ ၁

နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-2)၌ ကျင်းပခဲ့ရာ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်ဒုတိယရဲဗိုလ်ချုပ်ကြီးဝင်းဇော်မိုး တက်ရောက်မိန့်ခွန်းပြောကြားခဲ့သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်များ၊ ရဲအရာရှိကြီးများ၊ အနုပညာရှင်များ၊ ဆုရရှိသူများနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင်မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးဝင်းဇော်မိုးက မိန့်ခွန်းပြောကြားပြီး စံပြရဲအဆင့်တိုးဆုရရှိသူ အရာရှိ(၂)ဦး၊အခြားအဆင့်(၃)ဦးနှင့်စွမ်းရည်သတ္တိအတွက် ရာထူးအဆင့်တိုးဆုရရှိသူ အရာရှိ (၃)ဦး၊ စွမ်းဆောင်မှုအတွက် ရာထူးအဆင့်တိုးဆုရရှိသူ အရာရှိ (၂)ဦးတို့အား ဂုဏ်ပြုဆုတံဆိပ်များပေးအပ်ချီးမြှင့်ခဲ့ပြီး အနုပညာရှင်ကိုယ်စားလှယ်တစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့သည်။

ယင်းနောက် ဒုတိယရဲချုပ်(၁) ရဲဗိုလ်ချုပ်တင်ကိုကိုက စွမ်းရည်သတ္တိအတွက် ရာထူးအဆင့်တိုးဆုရရှိသူ အခြားအဆင့် (၅)ဦး၊ စွမ်းဆောင်မှုအတွက် ရာထူးအဆင့်တိုးဆုရရှိသူ အခြားအဆင့် (၅)ဦး၊ ဒုတိယရဲချုပ်(၂) ရဲဗိုလ်ချုပ်အောင်နိုင်သူက ရုံးဝန်ထမ်းထူးချွန်ဆုရရှိသူ တပ်ဖွဲ့ဝင် (၇)ဦးနှင့်ဝတ်စားဆင်ယင်မှုအကောင်းဆုံးဆုရ တပ်ဖွဲ့ဝင် (၄)ဦး၊ အမျိုးသမီးစွမ်းဆောင်ရှင်ဆုနှင့် နေအိမ်လိုင်းခန်း သန့်ရှင်းရေးဆုရရှိသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုတံဆိပ်များနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ထို့နောက် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် Video Clip ကိုပြသခဲ့ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးဝင်းဇော်မိုး၊ ရဲအရာရှိကြီးများသည် ဆုရရှိသူများ၊ အနုပညာရှင်ကိုယ်စားလှယ်တစ်ဦးတို့နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြပြီး အခမ်းအနားအား ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## သဇင်(FM)အသံလွှင့်အစီအစဉ်

၂-၁၀-၂၀၂၄(ဗုဒ္ဓဟူးနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၀၀ | Market News |
| ၂။ | ၁၁:၅၀ | နှယ်မြက်သစ်ပင်ဆေးဖက်ဝင် |
| ၃။ | ၁၃:၀၀ | ပြည်သူ့ကြားက ပြည်သူ့စကား |
| ၄။ | ၁၄:၅၀ | ဖတ်သမျှ မှတ်သမျှ |
| ၅။ | ၁၅:၃၅ | Happy Zone |
| ၆။ | ၂၁:၄၀ | ချောက်ချောက်ချားချား ဖြစ်ရပ်များ |

# မြန်မာ့မီးရထားအနေဖြင့် ပြည်သူများခရီးသွားလာမှုပိုမိုလွယ်ကူအဆင်ပြေစေရေးအတွက် ရန်ကုန်-ပဲခူးလမ်းပိုင်း၌ ခေတ်မီ DEMU ရထားတွဲဆိုင်းသစ်များဖြင့် အမှတ်(၁၅)အဆန် / အမှတ်(၁၆)အစုန်လူစီးရထား စတင်ပြေးဆွဲ

ရန်ကုန် အောက်တိုဘာ ၁

မြန်မာ့မီးရထားအနေဖြင့် ပြည်သူများ ခရီးသွားလာမှုလွယ်ကူအဆင်ပြေချောမွေ့စေရေးအတွက် ရထားလမ်းပိုင်းအသီးသီးတွင် လူစီးရထားများ ပြေးဆွဲဆောင်ရွက်ပေးလျက်ရှိရာ ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ခြင်းစီမံကိန်းနှင့်အတူ စပိန်နိုင်ငံမှ ဝယ်ယူရောက်ရှိလာသည့် ခေတ်မီ Diesel Electric Multiple Unit (DEMU) ရထားတွဲဆိုင်းအသစ်များဖြင့် ရန်ကုန်-ပဲခူးခရီးစဉ် အမှတ်(၁၅) အဆန်နှင့် ပဲခူး-ရန်ကုန်ခရီးစဉ် အမှတ်(၁၆) အစုန် လူစီးရထားများ စတင်ပြေးဆွဲခြင်းအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင်ရန်ကုန်ဘူတာကြီး၌ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဌာနအကြီးအမှူးများ၊ မြန်မာ့မီးရထားမှဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ တိုင်းအဆင့်ဌာနဆိုင်ရာမှတာဝန်ရှိသူများ၊ မြန်မာ့မီးရထားမှဝန်ထမ်းများနှင့် ရထားစီးခရီးသွားပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ဒုတိယဝန်ကြီး ဦးအောင်မြိုင်တို့က အမှာစကားပြောကြားကြပြီး မြန်မာ့မီးရထားဦးဆောင်ညွှန်ကြားရေးမှူးက ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ခြင်းစီမံကိန်းနှင့်အတူ ရထားတွဲဆိုင်းအသစ်များ အသုံးပြု၍ ရန်ကုန်-ပဲခူး ခရီးစဉ်အဖြစ်အမှတ်(၁၅)အဆန်/ အမှတ်(၁၆) အစုန်အား စတင်ပြေးဆွဲပေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားမှုအခြေအနေကို ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ရန်ကုန်ဘူတာကြီး အမှတ်(၁) စင်္ကြံမှ ယနေ့စတင်ပြေးဆွဲထွက်ခွာသည့် အမှတ်(၁၅)အဆန် ရန်ကုန်-ပဲခူးခရီးစဉ် DEMU ရထားတွဲဆိုင်းအသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး လိုက်ပါစီးနင်းကြမည့် ရထားစီးခရီးသည်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြကာ ရန်ကုန်ဘူတာကြီးမှစတင်ပြေးဆွဲထွက်ခွာသည့် အမှတ် (၁၅) အဆန် DEMU ရထားဖြင့် စီးနင်းလိုက်ပါကြည့်ရှုစစ်ဆေးကြသည်။

ယခင်က ရန်ကုန်-ပဲခူး ခရီးစဉ်အဖြစ် ပြေးဆွဲပေးလျက်ရှိသော အမှတ်(၁၃)အဆန်/ အမှတ်(၁၄) အစုန် RBE ရထားခရီးစဉ်ကို ယာယီရပ်ဆိုင်း၍ ၎င်း RBE ရထားခရီးစဉ် အချိန်စာရင်းအတိုင်း ခေတ်မီ DEMU ရထားတွဲဆိုင်းအသစ်များ အသုံးပြု၍ အမှတ်(၁၅) အဆန်/ အမှတ်(၁၆)အစုန် DEMU ရထားအဖြစ် ပြောင်းလဲပြေးဆွဲသွားရန် စီစဉ်ပေးခဲ့ခြင်းဖြစ်သည်။ အဆိုပါ အမှတ်(၁၆) အစုန် ပဲခူး-ရန်ကုန် DEMU ရထားသည်



ပဲခူးဘူတာမှ နံနက် ၆ နာရီတွင် စတင်ထွက်ခွာ၍ ရန်ကုန်ဘူတာသို့ နံနက် ၈ နာရီ မိနစ် ၂၀ တွင် ဆိုက်ရောက်မည်ဖြစ်ပြီး အမှတ် (၁၅)အဆန် ရန်ကုန်-ပဲခူး DEMU ရထားသည် ရန်ကုန်ဘူတာမှ ညနေ ၄ နာရီ ၄၅ မိနစ်တွင် ပြန်လည်ထွက်ခွာ၍ ပဲခူးဘူတာသို့ ည ၇ နာရီ ၅ မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်သည်။

လမ်းခရီးတွင် ပုဇွန်တောင်၊ မလွှကုန်း၊ သဃ်န်းကျွန်း၊ တိုးကြောင်ကလေး၊ ရွာသာကြီး၊ လေးဒေါင့်ကန်၊ ဒါးပိန်၊ ကော့ချဲ၊ ထုံးကြီး၊ ကျောက်တန်း၊ တာဝ၊ ဘုရားသုံးဆူ စုစုပေါင်း ၁၂ ဘူတာတို့တွင် ရပ်တန့်ပေးသွားမည်ဖြစ်သည်။ ယင်း DEMU ရထားတွဲဆိုင်းတွင် ခရီးသည် ရပ်စီး/ထိုင်စီး စုစုပေါင်း ၈၃၂ ဦး စီးနင်းလိုက်ပါနိုင်ပြီး ခရီးသွားလက်မှတ်ခ အနေဖြင့် ခရီးစဉ်အစမှအဆုံးထိ တစ်ဦးလျှင် ငွေကျပ် ၂၅၀၀ နှင့် ခရီးတစ်ဝက်လိုက်ပါစီးနင်းပါက ငွေကျပ် ၁၃၀၀ နှုန်း သတ်မှတ်ထားပြီး ၎င်းရထားခရီးစဉ်ကို အောက်တိုဘာလ ၂ ရက်(**ယနေ့**)မှစ၍ ပြေးဆွဲပေးသွားမည် ဖြစ်ကြောင်းသိရသည်။ **(သတင်းစဉ်)**

# ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်နေမှု နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ ကြည့်ရှုအားပေး၊ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်



မြစ်ကြီးနား အောက်တိုဘာ ၁

မြစ်ကြီးနားမြို့၌ ရောက်ရှိနေသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူသည် ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့တွင်ကျင်းပသော သက်ကြီးပုဂ္ဂိုလ်များနေ့ အထိမ်းအမှတ်အခမ်းအနား၊ နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားသို့တက်ရောက်ပြီး ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုသည်။

ဦးစွာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်တို့နှင့်အတူ မြစ်ကြီးနားမြို့ ရန်ကြီးအောင်ရပ်ကွက်အတွင်းရှိအံတော်ရှင်တောင်တန်းသာသနာပြုကျောင်းတိုက်၌ ကျင်းပသည့် ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာသက်ကြီးပုဂ္ဂိုလ်များနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ဂုဏ်ပြုစကားပြောကြားပြီး အခမ်းအနားတက်ရောက်လာကြသည့် အဘိုးအဘွားနှစ်ဦးစီအား ဂါရဝပြုဂုဏ်ပြုလက်ဆောင်များနှင့်ဂုဏ်ပြုငွေများကိုပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများက အသက် ၈၀ နှစ်နှင့်အထက် အဘိုးအဘွား ၅၀ တို့ကို ဂါရဝပြုဂုဏ်ပြုလက်ဆောင်များနှင့် ငွေသားတစ်သိန်းစီကို ဂါရဝပြုပေးအပ်ကြရာ အဘိုးတစ်ဦးက ကျေးဇူးတင်ဆုတောင်းစကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည်ပြည်နယ်ဝန်ကြီးချုပ်၊ တာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားမြို့ ပြည်သူ့အားကစားကွင်းအတွင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည့် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားပြီး ကချင်ပြည်နယ်ရဲတပ်ဖွဲ့မှူးက နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးဝင်းဇော်မိုးထံမှပေးပို့သည့်သဝဏ်လွှာအားဖတ်ကြား၍ ပြည်နယ်ဝန်ကြီးချုပ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးတို့က ရဲဗလဆုရတပ်ဖွဲ့ဝင်များနှင့် ဆုရတပ်ဖွဲ့ဝင်များကို ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ကြကာ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် ဗီဒီယိုကလစ်ဖွင့်လှစ်ပြသမှုကိုကြည့်ရှုအားပေးကြပြီး ပြည်နယ်ရဲတပ်ဖွဲ့မှူးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်ထံ နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဂါရဝပြုလက်ဆောင်ပေးအပ်သည်။

ဆက်လက်၍ အခမ်းအနားတက်ရောက်လာကြသူများက နှစ် (၆၀)ပြည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်တပ်ဖွဲ့ဝင်များ၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ကင်းစင်ရေး အသိပညာပေးပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် စီတာပူ (နောင်ရာ)ရပ်ကွက်အတွင်းရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၏နေအိမ်၌ ပြည်နယ်သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ ခရိုင်/ မြို့နယ်သန်းခေါင်စာရင်းကော်မတီအဖွဲ့ဝင်များ၊ အထောက်အကူပြုအဖွဲ့ဝင်များ၊စာရင်းကောက်အဖွဲ့များ၏ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအချက်အလက်များကို Mobile Tablet ဖြင့် မေးမြန်းကောက်ယူဖြည့်စွက်ခြင်းကို ဆောင်ရွက်သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်အတူ မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက်၊ နယ်မြေ(၁၂)အတွင်းရှိ ရွှေနတ် ကယ်တင်ခြင်းအသင်းတော်ဝင်းအတွင်း ယာယီခိုလှုံနေထိုင်လျက်ရှိသော ပြည်သူများအား သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းစဉ်အတိုင်းဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် အဆိုပါစခန်းအတွင်း မိသားစုများနေထိုင်စားသောက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုကာ ထိခိုက်ဒဏ်ရာရသည့် မိသားစုဝင်နှင့် မသန်စွမ်းမိသားစုဝင်များအား ထောက်ပံ့ငွေများပေးအပ်ကြသည်။

ထို့မှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် စီတာပူရပ်ကွက်အတွင်းရှိမြန်မာနိုင်ငံဖီလာဒေလဖီ (ပင်တေကုတ္တေ) အသင်းတော်ဘုရားကျောင်းဝင်းအတွင်း ယာယီခိုလှုံနေထိုင်လျက်ရှိသော မိသားစုများအား သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းများဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးကြပြီး သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့ဝင်များနှင့် မိသားစုများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံးမလိခန်းမ၌ ကျင်းပသည့် ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်ပြီး အလှူရှင်ခုနစ်ဦးတို့၏ စုစုပေါင်းအလှူငွေကျပ် သိန်း ၂၂၀၀ လှူဒါန်းမှုကို လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူနေမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ကြည့်ရှုစစ်ဆေး



ပုသိမ် အောက်တိုဘာ ၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ပုသိမ်မြို့ပေါ်နှင့် ကန်ကြီးထောင့်မြို့နယ်တို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်နေမှုကိုသွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် ပုသိမ်မြို့ အမှတ်(၂) ရပ်ကွက်တွင် စာရင်းစစ်၊ စာရင်းကောက်အဖွဲ့များ၊ အထောက်အကူပြုအဖွဲ့များဖြစ်သည့် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့နှင့်တိုင်းရင်းသားဘာသာရပ်သင်ဆရာ၊ ဆရာမများက သန်းခေါင်စာရင်းကောက်ယူနေမှုများကိုကြည့်ရှုအားပေးပြီး အချက်အလက်များမှန်ကန်စွာရေးသွင်းစေရေး၊ ပြည်သူများကလည်း မေးမြန်းချက်များအား ပြည့်စုံမှန်ကန်စွာ ဖြေကြားပေးနိုင်ရေး မှာကြားသည်။

ထို့အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် ကန်ကြီးထောင့်မြို့နယ် အနောက်စုကြီးကျေးရွာသို့ သွားရောက်၍ စာရင်းစစ်၊ စာရင်းကောက်အဖွဲ့များ၊ အထောက်အကူပြုအဖွဲ့များဖြစ်သည့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့နှင့်တိုင်းရင်းသားဘာသာရပ်သင်ဆရာ၊ ဆရာမများက သန်းခေါင်စာရင်းကောက်ယူနေမှုများကိုကြည့်ရှုအားပေးပြီး စာရင်းကောက်အဖွဲ့များ ဘာသာစကားအခက်အခဲမရှိစေရေးအတွက် အထောက်အကူပြုအဖွဲ့များမှ ကူညီဆောင်ရွက်ပေးနေမှုများ၊ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေမှုများကို ဆွေးနွေးပြောကြားခဲ့ပြီး တာဝန်ရှိသူများအား သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးစေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်မှာကြားခဲ့ကြောင်းသိရသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို တိုင်းဒေသကြီးအတွင်းရှိမြို့နယ် ၂၆ မြို့နယ်၊ ရပ်ကွက် ၃၀၂ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၉၂၀ အုပ်စုရှိ အိမ်ထောင်စုကောက်ကွက်ပေါင်း ၁၄၂၉၆ ကွက်တွင် စာရင်းကောက်အဖွဲ့ပေါင်း ၁၀၂၂ ဖွဲ့၊ စာရင်းစစ် ၁၁၅၀၊ စာရင်းကောက် ၄၃၂၈ ဦး စုစုပေါင်း ၅၄၇၈ ဦး အပြင် အထောက်အကူပြုအဖွဲ့များဖြစ်သည့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့နှင့် တိုင်းရင်းသားဘာသာရပ်သင် ဆရာ၊ ဆရာမ ၄၂၆ ဦး၊ တက္ကသိုလ်များမှ ကထိက ဆရာ၊ ဆရာမနှင့် ကျောင်းသား၊ ကျောင်းသူ ၄၉ ဦး၊ ရပ်မိရပ်ဖများ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များဖြင့် သန်းခေါင်စာရင်းကောက်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

# ရေကြီးရေလျှံမှုများကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဆည်တမံ ရေပေးမြောင်း ရေသောက်မြောင်းများ ဦးစားပေးအစီအစဉ်ဖြင့် ရာသီချိန်မီ ပြုပြင်ဆောင်ရွက်သွားမည်

နေပြည်တော် အောက်တိုဘာ ၁

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီတို့သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက မြစ်သားမြို့နယ် ငပြောင်ဆည်ရေသောက်စနစ်အတွင်းရှိ မိုးစပါးစိုက်ခင်းအား သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက မိုးစပါးအတွက် ရေဆက်လက်ပေးဝေနိုင်ရေး စီမံဆောင်ရွက်ထားရှိမှုအခြေအနေကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများနှင့်တွေ့ဆုံပြီး ထိခိုက်ပျက်စီးမှုမရှိသော မိုးစပါးစိုက်ခင်းများ အထွက်နှုန်းတိုးတက်ရေး ပူးပေါင်းဆောင်ရွက်ပေးနေမှု၊ ဆည်ရေသောက်စနစ်များတွင် မိုးစပါးအောင်ရေပေးသွင်းနိုင်ရေး စီမံဆောင်ရွက်မှုနှင့် စပါးသီးနှံစိုက်ပျိုးခြင်းအတွက် ရေပေးဝေမည့် အစီအမံများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ယင်းနောက် မြစ်သားမြို့နယ် ဒိုင်းကျေးရွာအုပ်စု နတ်လွှဲရေလွှဲဆည်သို့ ရောက်ရှိကြပြီး ရေကြီးရေလျှံမှုများကြောင့် ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ပြင်ဆင်ရမည့်လုပ်ငန်းစဉ်များနှင့် သစ်တောပြုန်းတီးမှုကာကွယ်ရေးလုပ်ငန်းများတွင် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ပေးကြရန်ဆွေးနွေးပြောကြားသည်။

နတ်လွှဲရေလွှဲဆည်ကို ရှေးမြန်မာမင်းများ လက်ထက်မှ စတင်တည်ဆောက်အသုံးပြုခဲ့ပြီး ခေတ်အဆက်ဆက်ပြုပြင်မွမ်းမံတည်ဆောက်ခဲ့ရာ ရေသောက်ဧရိယာ ဧက ၁၁၉၀၀ ကျော်ရှိကြောင်း သိရသည်။

ဆက်လက်၍ ကင်းတားရေလွှဲဆည်သို့ ရောက်ရှိပြီး ရှင်းလင်းဆောင်၍ ရေကြီးနစ်မြုပ်မှုဒဏ်ခံခဲ့ကြရသော ဒေသခံတောင်သူများနှင့်တွေ့ဆုံကာ ရေကြီးနစ်မြုပ်မှုကြောင့် သီးနှံပျက်စီးဆုံးရှုံးမှုအပေါ် ဆောင်ရွက်ပေးမည့်အချက်များကိုဆွေးနွေးပြီး တောင်သူများ၏ တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ထို့နောက် ကင်းတားရေလှောင်တမံသို့ ရောက်ရှိပြီး တမံဝင်ရေ သိုလှောင်ထားရှိမှု၊ တမံကြွခိုင်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မြစ်သားမြို့နယ် ကံဆည်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနသို့ ရောက်ရှိကြပြီး ကျေးရွာနေပြည်သူများနှင့်တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတိုးတက်လုပ်ကိုင်နိုင်ရေးနှင့် ရေကြီးရေလျှံမှုကြောင့် လမ်းတံတားများ ပျက်စီးမှုများအပေါ် ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် သာစည်မြို့နယ် စမုံရေထိန်းတမံအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး ထိခိုက်ပျက်စီးခဲ့သည့် တမံအဆောက်အအုံ ပြန်လည်ပြုပြင်ရေးလုပ်ငန်းများဆွေးနွေးမှာကြားသည်။

ထို့ပြင် နံနက်ပိုင်းကလည်း မန္တလေးတိုင်းဒေသကြီးရှိ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာ ဦးစီးမှူးများနှင့် သီးခြားစီတွေ့ဆုံကာ ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် ရည်မှန်းချက်တာဝန်များအကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ လတ်တလော ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ (၅၀၀)

## မန္တလေးတိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၁

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် တာဝန်ရှိသူများသည် ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးစက်မှုဇုန်အတွင်းရှိ Aung Sein extile ကုမ္ပဏီ ချည်မျှင်နှင့်ချည်ဆေးဆိုးစက်ရုံသို့ ရောက်ရှိပြီး စီလွန်ချည် (Acrylic Yarn) များ ထုတ်လုပ်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် ချည်မျှင်ဆေးဆိုးခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ်ပြည်ထောင်စုဝန်ကြီးက ပြည်တွင်း၌ ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်ခြင်းသည် တိုင်းပြည်၏ အသားတင်ထုတ်လုပ်မှုတန်ဖိုး(GDP) တိုးတက်ခြင်း၊ ပြည်ပမှတင်သွင်းရမှုလျှော့ချနိုင်ခြင်း၊ ကုန်ထုတ်လုပ်မှုနှင့်ပတ်သက်သည့် နည်းပညာများရရှိခြင်း၊ ဒေသခံပြည်သူများအား အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိသဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို တိုးချဲ့၍ကြိုးစားဆောင်ရွက်စေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် အမရပူရမြို့နယ်ရှိ ဦးဂျမ်းပုဆိုးများ ရက်လုပ်သည့် ရွှေမြင်းပျံစက်ရက်ကန်းလုပ်ငန်း၊ ကောင်းခန့်စက်ရက်ကန်းလုပ်ငန်း၊ ရွှေယမင်းစက်ရက်ကန်းလုပ်ငန်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာရရှိရေး၊ ငွေကြေးအရင်းအနှီးရရှိရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဈေးကွက်ရရှိရေးအတွက် MSME ထုတ်ကုန်ပစ္စည်းများ ပြပွဲ/ပြိုင်ပွဲများကို ကျင်းပပေးလျက်ရှိပြီး အဆိုပါပြပွဲများသို့ ဝင်ရောက်ပြသကြရန်လိုကြောင်း၊ ဆွေးနွေးပြောကြားပြီး လုပ်ငန်းရှင်များ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၅၀၀)

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“တတ်စွမ်းသမျှ ရေဘေးကူ၊ ငါတို့လူမျိုး တူနိုင်ရိုးလား”**ခေါင်းစဉ်ဖြင့် ၂-၁၀-၂၀၂၄ ရက်**(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“အစိုးရရဲ့ ကမ်းလှမ်းမှုမှာ PDF တွေ ဘာဆက်လုပ်သင့်လဲ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့်ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့်အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အထူးမိုးလေဝသသတင်း


## တိုင်ဖွန်းမုန်တိုင်း“ကရတ်သွန်”မှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့် နိုင်ငံအတွင်း နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် အောက်တိုဘာ ၁

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အောက်တိုဘာလ ၁ ရက်ညနေ ၄ နာရီခွဲထုတ်ပြန်သည့် အထူးမိုးလေဝသသတင်းအနေဖြင့်အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း၊ အပူပြန်တက်တိမ်များဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့မှလေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိလေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများတွေ့ဆုံမှုကြောင့်လည်းကောင်း၊ တောင်တရုတ်ပင်လယ်ပြင်တွင်ဖြစ်ပေါ်နေသောတိုင်ဖွန်းမုန်တိုင်း“ကရတ်သွန်”မှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့်လည်းကောင်း ယနေ့ညနေမှအောက်တိုဘာလ ၅ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီးအချို့ဒေသများတွင်ဒေသအလိုက်နှင့်နေရာကွက်၍မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့်မြေပြိုခြင်းစသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတိပေးနှိုးဆော်ထားပါသည်။




(၅၀၀)

# အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ ဂုဏ်ပြုအခမ်းအနားကျင်းပ

**နေပြည်တော်  အောက်တိုဘာ ၁**

အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီး၊ နေပြည်တော်ကောင်စီဝင်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီဝင်များ၊ နေပြည်တော်သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီဝင်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။




အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ အသက် ၆၀ နှစ်နှင့်အထက် သက်ကြီးဦးရေသည် ၅ ဒသမ ၂ သန်းခန့်ရှိရာမှ ပြည်သူ့အင်အားဦးစီးဌာန၏ ၂၀၂၄ ခုနှစ် ခန့်မှန်းလူဦးရေစာရင်းအရ သက်ကြီးဦးရေသည် ၆ ဒသမ ၅ သန်းကျော်အထိ တိုးလာကြောင်း၊ မြန်မာနိုင်ငံ အပါအဝင် ကမ္ဘာနှင့်အဝှမ်းရှိ သက်ကြီးပုဂ္ဂိုလ်များကို ပြီးပြည့်စုံသည့် ကျန်းမာရေးစောင့်ရှောက်မှု၊ ပြုစုစောင့်ရှောက်မှုနှင့်လူမှုရေး ဝန်ဆောင်မှုများပေးရန် လိုအပ်လာကြောင်း၊ ထို့ကြောင့် ယခုနှစ် (၂၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ ဆောင်ပုဒ်ကို **"သက်ကြီးပုဂ္ဂိုလ်များ ဂုဏ်သိက္ခာရှိစွာရပ်တည်ရေး ကမ္ဘာအနှံ့ဘက်စုံပြုစုစောင့်ရှောက်ပေး"** ဟု သတ်မှတ်ပေးထားကြောင်း။

အပြည်ပြည်ဆိုင်ရာသက်ကြီးပုဂ္ဂိုလ်များနေ့အထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့် မြန်မာတစ်နိုင်ငံလုံးတွင် အသက်အကြီးဆုံး အဘိုးတစ်ဦးနှင့် အဘွားတစ်ဦးကို ယခင်နှစ်များကဲ့သို့ ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀ သိန်းစီကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များမှတစ်ဆင့် လွှဲပြောင်းပေးအပ် ဂုဏ်ပြုသွားရန် စီစဉ်ထားရှိကြောင်း ပြောကြားသည်။

ထို့နောက် သက်ကြီးပုဂ္ဂိုလ် ပြုစုစောင့်ရှောက်ရေးနှင့် အခွင့်အရေးဆိုင်ရာ ဆောင်ရွက်ချက် ဗီဒီယိုမှတ်တမ်းကိုပြသပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီဝင်များက ဘိုးဘွားများကို လူသုံးကုန်၊ ဆေးဝါးပစ္စည်းနှင့် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၀)

## စစ်တောင်းမြစ်ရေ မဒေါက်မြို့တွင် စိုးရိမ်ရေမှတ်အထက် ကျော်လွန်ရောက်ရှိ

**နေပြည်တော်  အောက်တိုဘာ ၁**

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေ၀က်ခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၂ လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

# ပုသိမ်မြို့ မြို့တော်ခန်းမ၌ နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနား ကျင်းပပြုလုပ်

**နေပြည်တော်  အောက်တိုဘာ ၁**

၂၀၂၄ ခုနှစ်၊ ယနေ့တွင်ကျရောက်သည့် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ မြို့တော်ခန်းမ၌ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက "မြန်မာ့ရဲ"သီချင်းဖြင့် ဂုဏ်ပြုသီဆို၍ အခမ်းအနားကိုဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တာဝန်ရှိသူတစ်ဦးက မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်မှ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ ဆုတံဆိပ်ရရှိသူများ၊ တစ်ဆင့်မြှင့်ရာထူးရရှိသူများနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသူများအား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဂုဏ်ပြုဆုငွေများနှင့် အဆင့်တံဆိပ်များ အသီးသီးပေးအပ်ချီးမြှင့်ကြပြီး ရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် Video Clip နှင့် ခင်းကျင်းပြသထားသော ပြခန်းများနှင့် နံရံကပ်စာစောင်များအား လိုက်လံကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)




ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုငွေပေးအပ်ချီးမြှင့်စဉ်။

# ၂၀၂၄ ခုနှစ် အောက်တိုဘာလ ပထမ (၁၀)ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**နေပြည်တော်  အောက်တိုဘာ ၁**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၅ ရက်မှ ၁၀ ရက်အတွင်း မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသများမှ ဆုတ်ခွာသွားဖွယ်ရာရှိသည်။ ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအနည်းငယ် ရှိနိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် (၇၀) ဒီဂရီဖာရင်ဟိုက်မှ (၇၉) ဒီဂရီဖာရင်ဟိုက်အတွင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့် မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် (၈၀)ဒီဂရီဖာရင်ဟိုက်မှ (၈၉) ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (၉၀)ဒီဂရီဖာရင်ဟိုက်မှ (၉၉)ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် (၅၃)ဒီဂရီဖာရင်ဟိုက်ခန့်၊ ပဲခူးတိုင်းဒေသကြီး တောင်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် (၆၁) ဒီဂရီဖာရင်ဟိုက်မှ (၇၁) ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (၇၂)ဒီဂရီဖာရင်ဟိုက်မှ (၈၂)ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့် အနောက်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (၇၆) ရာခိုင်နှုန်းမှ (၈၆) ရာခိုင်နှုန်းအတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် (၈၇) ရာခိုင်နှုန်းမှ (၉၆) ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (၂၇ မီလီမီတာ)မှ (၃၇ မီလီမီတာ)အတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် (၃၈ မီလီမီတာ)မှ (၄၈ မီလီမီတာ) အတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (ပြည့်ဝ)အခြေအနေအသီးသီး ရှိနိုင်သည်။

(မိုး/ဇလ)

# နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားသို့တက်ရောက်လာကြသူများက နှစ်(၆၁)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် အနုပညာရှင်များ၏ သီဆိုကပြဖျော်ဖြေနေမှုကိုကြည့်ရှုအားပေးစဉ်။

နေပြည်တော် အောက်တိုဘာ ၁

နှစ်(၆၁)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန-၂ ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊

စာမျက်နှာ ၁၂ သို့ ●









နှစ်(၆၁)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ်ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် အနုပညာရှင်များက သီဆိုကပြဖျော်ဖြေစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က သီဆိုတီးမှုတ်ဖျော်ဖြေခဲ့ကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲတီးဝိုင်းနှင့်ဖျော်ဖြေရေးဌာနခွဲအား ဂုဏ်ပြုပန်းခြင်းနှင့်ဂုဏ်ပြုဆုငွေများပေးအပ်စဉ်။

● စာမျက်နှာ ၁၁ မှအဆက်

ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အမျိုးသမီးရေးရာနှင့်ဆက်စပ်အဖွဲ့အစည်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်နှင့်ရဲတပ်ဖွဲ့ဝင်များ၊ အငြိမ်းစားရဲအရာရှိကြီးများ၊ အနုပညာရှင်များနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးနှင့် အခမ်းအနား တက်ရောက်လာကြသူများအား တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးနှင့်အခမ်းအနားတက်ရောက်လာကြသူများသည် ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ဂုဏ်ပြုညစာမသုံးဆောင်မီနှင့်သုံးဆောင်နေစဉ်အတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲတီးဝိုင်းနှင့်ဖျော်ဖြေရေးဌာနခွဲမှ တပ်ဖွဲ့ဝင်များ၊ မီးသတ်ဦးစီးဌာနမှ အနုပညာရှင်များ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များက တေးသံသာများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ဂုဏ်ပြုညစာ သုံးဆောင်အပြီးတွင် သီဆိုတီးမှုတ်ဖျော်ဖြေခဲ့ကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲတီးဝိုင်းနှင့်ဖျော်ဖြေရေးဌာနခွဲအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ အခမ်းအနားတွင် သီဆိုတီးမှုတ်ဖျော်ဖြေခဲ့ကြသည့် အနုပညာရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



# သန်းခေါင်စာရင်းကောက်ယူရေး ပြည်သူအားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ပေး

❑ **သန်းခေါင်စာရင်းသည် လူဦးရေဆိုင်ရာအချက်အလက်များနှင့် အိမ်ထောင်စုများ၏ ဝိသေသလက္ခဏာများကိုရရှိနိုင်သည့် အရေးကြီးသောအရင်းအမြစ်တစ်ခုဖြစ် . . .**

❑ **ကောက်ယူရရှိသောအချက်အလက်များသည် အုပ်ချုပ်မှုနယ်ပယ်အဆင့်တိုင်းတွင် ထိရောက်သော ဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲခြင်းနှင့် အထောက်အထားပေါ်အခြေခံသော ဆုံးဖြတ်ချက်များချမှတ်ခြင်းတို့အတွက် မရှိမဖြစ်လိုအပ် . . .**

တိုင်းပြည်အတွင်း မှီတင်းနေထိုင်ကြသောလူဦးရေအားလုံး၏ အသက်၊ လူမျိုး၊ ကိုးကွယ်သည့် အယူဝါဒ၊ ယောကျ်ား၊ မိန်းမ၊ အလုပ်အကိုင်မှအစ တစ်ဦးချင်းစီနှင့်သက်ဆိုင်သမျှ အကြောင်းအရာ အစုံအလင်မှတ်သားထားသော စာရင်းကို သန်းခေါင်စာရင်းဟုခေါ်သည်။ တစ်နည်းအားဖြင့် သန်းခေါင်စာရင်းကို လူဦးရေစာရင်းဟုလည်းဆိုနိုင်သည်။ သန်းခေါင်စာရင်းကောက်ယူရေးဝန်ထမ်းတို့က အိမ်များတွင် လူစုံရှိတတ်သည့်ညဥ့်အချိန်များ၌ တစ်အိမ်တက်ဆင်းလှည့်လည်ကောက်ယူခဲ့သောကြောင့် သန်းခေါင်စာရင်းဟုခေါ်တွင်ခဲ့ဟန်တူသည်။

အမှန်တော့ နိုင်ငံတော်၏လူဦးရေ၊ တိရစ္ဆာန်၊ အဆောက်အအုံ၊ ပစ္စည်း၊ လုပ်ငန်းစာရင်းများနှင့် စာရင်းအင်းဆိုင်ရာ အချက်အလက်များကို တိကျမှန်ကန်စွာရရှိနိုင်ရန် သန်းခေါင်စာရင်းကောက်ယူခြင်းဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရလျှင် သန်းခေါင်စာရင်းကောက်ယူခြင်းသည် နိုင်ငံတစ်နိုင်ငံတွင် အချိန်ကာလတစ်ခု၌ရှိနေသည့် လူဦးရေနှင့်လူမှုစီးပွားရေးဆိုင်ရာ သတင်းအချက်အလက်များကို ရယူခြင်းပင်ဖြစ်သည်။

**မရှိမဖြစ်လိုအပ်**

ထိုအချက်အလက်များသည် နိုင်ငံတော်အစိုးရနှင့် အချက်အလက်အသုံးပြုသူများအတွက် မရှိမဖြစ်လိုအပ်ပြီး စီမံကိန်းများရေးဆွဲခြင်း၊ မူဝါဒချမှတ်ခြင်းတို့ ဆောင်ရွက်ရာတွင် အသုံးပြုကြရခြင်းဖြစ်သည်။ နိုင်ငံတော်၏ ဘတ်ဂျက်ခွဲဝေမှု၊ ကျောင်း၊ ဆေးရုံ၊ လမ်းတံတားများ တည်ဆောက်မှုတို့အပါအဝင် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဆန်းစစ်လေ့လာမှုတို့အတွက်လည်း အထောက်အပံ့ဖြစ်စေသည်။

နိုင်ငံတိုင်း နိုင်ငံတိုင်းတွင် သန်းခေါင်စာရင်းသည် လူဦးရေဆိုင်ရာအချက်အလက်များနှင့် အိမ်ထောင်စုများ၏ ဝိသေသလက္ခဏာများကိုရရှိနိုင်သည့် အရေးကြီးသော အရင်းအမြစ်တစ်ခုဖြစ်သည်။ သန်းခေါင်စာရင်း၏ ထူးခြားသောအရည်အသွေးတစ်ခုမှာ အုပ်ချုပ်မှုရေးယာအသေးငယ်ဆုံးအဆင့်ထိ အချက်အလက်များကို ပံ့ပိုးပေးနိုင်ခြင်းပင်ဖြစ်သည်။ ကောက်ယူရရှိသောအချက်အလက်များသည် အုပ်ချုပ်မှုနယ်ပယ်အဆင့်တိုင်းတွင် ထိရောက်သော ဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲခြင်းနှင့် အထောက်အထားပေါ်အခြေခံသော ဆုံးဖြတ်ချက်များချမှတ်ခြင်းတို့အတွက် မရှိမဖြစ်လိုအပ်သည်။

သန်းခေါင်စာရင်းမှ ကောက်ယူရရှိသောအချက်အလက်များသည် နိုင်ငံတော်၏ သယံဇာတရင်းမြစ်များခွဲဝေသတ်မှတ်ခြင်း၊ နယ်မြေရေးယာနယ်နိမိတ်များကို ပြန်လည်ဆန်းစစ်နိုင်ခြင်း၊ လူမှုအခြေခံအဆောက်အဦများ တည်ဆောက်ပေးခြင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများ ချမှတ်ရေးဆွဲခြင်းနှင့်ဝန်ဆောင်မှုလုပ်ငန်းများ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းများ စသည်တို့အတွက် အသုံးဝင်သည်။

**များစွာအရေးပါ**

သန်းခေါင်စာရင်းသည် ပြည်သူတို့၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲရေး စသည့်အကြောင်းအရာအားလုံးနှင့် သက်ဆိုင်ပေသည်။ နိုင်ငံတစ်နိုင်ငံတွင် မည်သည့်လုပ်ငန်းကို ဆောင်ရွက်သည်ဖြစ်စေ၊ သန်းခေါင်စာရင်းနှင့်ကင်းကွာ၍မရပေ။ သန်းခေါင်စာရင်းကို အခြေခံရမြဲဖြစ်ပေသည်။ တိုင်းပြည်၏ လူဦးရေ၊ ပြည်နယ်၊ တိုင်းနှင့်ဒေသအသီးသီးအလိုက် လူဦးရေပျံ့နှံ့မှု၊ အသက်အပိုင်းအခြားအလိုက်ယောကျ်ား၊ မိန်းမဦးရေ၊ ပညာသင်ကြားလျက်ရှိသူ၊ ပညာတတ်မြောက်သူ၊ အမျိုးမျိုးအစားစားသောလုပ်ငန်းများတွင်လုပ်ကိုင်လျက်ရှိသူ လူဦးရေ၊ အိမ်ထောင်ရေးအခြေအနေနှင့် ကလေးမွေးဖွားမှုစသည်တို့ပါဝင်သော လူမှုရေး၊ စီးပွားရေးအကြောင်းအချက်များကို တိုင်းပြည်တစ်ဝန်းလုံးအတွက် လည်းကောင်း၊ ဒေသအသီးသီးအတွက် လည်းကောင်း ခွဲခြမ်းစိတ်ဖြာ၍ မှန်ကန်စွာ သိရှိလေ့လာနိုင်ရန် သန်းခေါင်စာရင်းများကို ကောက်ယူရပေသည်။ ထို့ပြင် တိုင်းရင်းသားလူမျိုးများအားလုံး၏ စီးပွားရေးကိုစီမံကိန်းဖြင့်အကောင်အထည်ဖော်ရေးအတွက် သန်းခေါင်စာရင်းသည် အရေးတကြီးလိုအပ်သောကိစ္စတစ်ရပ်ပင်ဖြစ်သည်။ ထို့ကြောင့် သန်းခေါင်စာရင်းသည်ပြည်သူတစ်ဦးချင်းအတွက်လည်းကောင်း၊ တိုင်းပြည်အတွက်လည်းကောင်း များစွာအရေးကြီးပေသည်။

**မြန်မာနိုင်ငံတွင် သန်းခေါင်စာရင်းကောက်ယူမှု**

လူဦးရေသတင်းအချက်အလက်ဆိုင်ရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို နိုင်ငံအသီးသီးတို့တွင် ၁၀ နှစ်လျှင် တစ်ကြိမ် ကောက်ယူလေ့ရှိကြသည်။ မြန်မာနိုင်ငံ၏ သန်းခေါင်စာရင်းကောက်ယူမှုသမိုင်းတွင် ရှေးမြန်မာဘုရင်များလက်ထက်ကပင် အခွန်ကောက်ခံရေးနှင့် စစ်မှုထမ်းဆောင်ရေးတို့အတွက် သန်းခေါင်စာရင်းကောက်ယူမှုဆန်သည့် စစ်တမ်းကောက်ယူမှုများ ပြုလုပ်ခဲ့ကြပြီး ကိုလိုနီနိုင်ငံဘဝတွင်လည်း နယ်ချဲ့အစိုးရက ၁၀ နှစ်တစ်ကြိမ် သန်းခေါင်စာရင်းကောက်ယူခဲ့သည်။

လွတ်လပ်ရေးရပြီးခေတ်တွင် ၁၉၇၃ ခုနှစ်တွင်မှ ပြည်လုံးကျွတ်သန်းခေါင်စာရင်းကိုကောက်ယူနိုင်ခဲ့ပြီးနောက် ၁၀ နှစ်အကြာ ၁၉၈၃ ခုနှစ်တွင်လည်း ပြည်လုံးကျွတ်သန်းခေါင်စာရင်း ထပ်မံကောက်ယူခဲ့သည်။ ခေတ်အဆက်ဆက်ကောက်ယူခဲ့သောသန်းခေါင်စာရင်းများအရ မြန်မာနိုင်ငံ၏လူဦးရေသည် ၁၈၉၁ ခုနှစ်တွင် ၈ သန်းကျော်၊ ၁၉၁၁ ခုနှစ်တွင် ၁၂ သန်းကျော်၊ ၁၉၂၁ ခုနှစ်တွင် ၁၃ သန်းကျော်၊ ၁၉၃၁ ခုနှစ်တွင် ၁၄ သန်းကျော်နှင့် ၁၉၄၁ ခုနှစ်တွင် ၁၆ သန်းကျော်ရှိခဲ့ပြီး ၁၉၇၃ ခုနှစ်တွင် လူဦးရေ ၂၉ သန်းခန့်နှင့် ၁၉၈၃ ခုနှစ်တွင် ၃၅ သန်းကျော်ရှိခဲ့သည်။ ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ၏ စုစုပေါင်းလူဦးရေမှာ ၅၁ ဒသမ ၄၉ သန်းဖြစ်ပြီး လူဦးရေတိုးနှုန်း သုည ဒသမ ၈၉ ရာခိုင်နှုန်း ရှိသည်။

**၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူရေး**

၂၀၁၄ ခုနှစ်တွင် ကောက်ယူခဲ့သည့် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းသည် ဆယ်စုနှစ်တစ်ခုကြာမြင့်ခဲ့ပြီဖြစ်ရာ ကွဲလွဲမှုများ၊ အပြောင်းအလဲများရှိနေပြီဖြစ်သည်။ ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူရန်အတွက် ကြိုတင်ပြင်ဆင်ခြင်း၊ စာရင်းကောက်ယူခြင်း၊ စာရင်းပြုစုခြင်းနှင့် အစီရင်ခံစာထုတ်ပြန်ခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိပြီဖြစ်သည်။ ၎င်းလုပ်ငန်းစဉ်ကို ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁ ရက်မှစတင်ကာ ၃၆ လကြာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မကြာမီပြီးစီးတော့မည်ဖြစ်သည်။ သန်းခေါင်စာရင်းဆိုင်ရာ ပြည်သူလူထုအသိပညာပေးလုပ်ငန်းများကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိသည်။

သန်းခေါင်စာရင်းလုပ်ငန်းသည် လုပ်ငန်းပမာဏကြီးမားကျယ်ပြန့်ပြီး ပြည်သူလူထု၏ပူးပေါင်းမှုများစွာလိုအပ်လျက်ရှိသည်။ ထို့ကြောင့် တာဝန်ရှိသူများနှင့်ပြည်သူများအနေဖြင့် မြေပြင်တွင်ကြုံတွေ့ရမည့် အခက်အခဲများနှင့် စိန်ခေါ်မှုများကို ဝိုင်းဝန်းဖြေရှင်းသွားရန်လိုအပ်ပေသည်။ ကြိုတင်မြော်တွေးနိုင်မှု၊ ဝိုင်းဝန်းပေါင်းစပ်ညှိနှိုင်းအဖြေရှာမှုများနှင့်ပင် ပြဿနာကို ကျော်လွှားသွားရန်လိုအပ်ပေသည်။ အထူးသဖြင့် တိကျမှန်ကန်သည့် သန်းခေါင်စာရင်းရလဒ်များသည် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ အနာဂတ်ရည်မှန်းချက်ဖြစ်သည့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရန် တစ်ဖက်တစ်လမ်းကအထောက်အကူဖြစ်စေမည်ဖြစ်သည်။

**သန်းခေါင်စာရင်းကောက်ယူရေး ပြည်သူအားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ပေး**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ၂၀၂၄ ခုနှစ်စက်တင်ဘာလ ၁ ရက်တွင်၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းအထိမ်းအမှတ် ပြည်သူသို့ပြောကြားသည့် ဗီဒီယိုမိန့်ခွန်း၌ **"၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့ကနေ (၁၅)ရက်နေ့အထိ ကောက်ယူမယ့်လူဦးရေနဲ့အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဟာ ပြည်တွင်းရှိ လူ့စွမ်းအားအရင်းအမြစ်တွေကို အခြေခံပြီး ကိုယ့်အားကိုယ်ကိုးဆောင်ရွက်နေတဲ့ အမျိုးသားရေးလုပ်ငန်းစဉ်တစ်ခုဖြစ်ပါတယ်။ ဒီလုပ်ငန်းကြီးကို တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုတည်းနဲ့ ဆောင်ရွက်လို့မရနိုင်ဘဲ နိုင်ငံတစ်ဝန်း နိုင်ငံသူ၊ နိုင်ငံသား၊ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံးရဲ့ ညီညွတ်သောအင်အားနဲ့ အောင်မြင်အောင်ဆောင်ရွက်ပြီး ကမ္ဘာ့အလယ်တွင် နိုင်ငံ့စွမ်းအားကို ပြသရမှာလည်း ဖြစ်ပါတယ်။ တစ်နည်းအားဖြင့်ပြောရရင် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးရဲ့ ပူးပေါင်းပါဝင်မှုအားနဲ့ သမိုင်းမှတ်တိုင်တစ်ခုစိုက်ထူနိုင်မယ့် အခွင့်အခါကောင်းတစ်ရပ်လည်းဖြစ်ပါတယ်။ ဒါ့ကြောင့်မို့ သန်းခေါင်စာရင်း လုပ်ငန်းစဉ်ကြီးကို နိုင်ငံတော်၏ အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ်ခံယူပြီး "ပြည်သူအားလုံးပါဝင်လို့၊ သန်းခေါင်စာရင်းကောက်ကြစို့" ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါလို့ တိုက်တွန်းနှိုးဆော်"** ကြောင်း ပြောကြားသွားခဲ့သည်။

သန်းခေါင်စာရင်း၏ ရည်ညွှန်းချိန်ကို စက်တင်ဘာလ ၃၀ ရက်ညသန်းခေါင်ယံအချိန်ကို သတ်မှတ်ထားပြီး ရည်ညွှန်းချိန်၏ နောက်တစ်နေ့ဖြစ်သည့် ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်မှ ၁၅ ရက်အထိ စုစုပေါင်း ၁၅ ရက်ကြာ ကောက်ယူသွားမည်ဖြစ်သည်။ ယခုဆောင်ရွက်မည့် သန်းခေါင်စာရင်းလုပ်ငန်းသည် နိုင်ငံတကာအကူအညီမပါဘဲ ကိုယ်ပိုင်အင်အားနှင့်စွမ်းဆောင်ခဲ့သည့် သမိုင်းတစ်ခုအနေဖြင့် မှတ်ကျောက်တင်နိုင်အောင် နိုင်ငံသူ၊ နိုင်ငံသားအားလုံး၏ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်မှုများ လိုအပ်ပေသည်။ ထို့ကြောင့် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး ဖြစ်ပေါ်စေရေးအတွက် လွန်စွာအရေးပါသည့်သန်းခေါင်စာရင်းကောက်ယူမှု လုပ်ငန်းကြီးတွင် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်သွားကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**မောင်သောင်းဝင်း**
**(တမန်ဟောင်း)**

# တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား မိုးရာသီစခန်းချလေ့ကျင့်ရေးသင်တန်းများဖွင့်လှစ်သင်ကြား



ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလင်းတို့က တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။




တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် သင်တန်းသား၊ သင်တန်းသူများအတွက် အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်စဉ်။

နေပြည်တော် အောက်တိုဘာ ၁

တက္ကသိုလ်များတွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများကို အခြေခံစစ်ပညာနှင့် တန်းမြင့်စစ်ပညာသင်တန်းများ သင်ကြားလေ့ကျင့်ပေးခြင်းဖြင့် နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာ အသိအမြင်များရရှိ၍ အနာဂတ်နိုင်ငံတော်၏ တာဝန်များထမ်းဆောင်သည့်အခါတွင် အထောက်အကူရရှိကာ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ပိုမိုရင့်သန်လာစေရန်နှင့် ယုံကြည်ချက်၊ ခံယူချက်မြင့်မားပြီး အရည်အချင်းပြည့်ဝစေရန် ရည်ရွယ်ချက်ဖြင့် ကိုယ်တိုင်ဆန္ဒပြုသည့် တက္ကသိုလ်လေ့ကျင့်ရေး တပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့စစ်နှင့်နယ်ခြားတပ်များညွှန်ကြားရေးမှူးရုံး၏ တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ လေ့ကျင့်ရေးသင်တန်းများဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ ဖွင့်လှစ်ပေးလျက်ရှိရာ ယနေ့တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင်များ မိုးရာသီစခန်းချလေ့ကျင့်ရေးသင်တန်းဖွင့်ပွဲများကို နေပြည်တော်ကောင်စီနယ်မြေတွင်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်တွင်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်၊ မိုင်းမောမြို့တွင်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့တွင်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့တွင်လည်းကောင်း နယ်မြေခံသင်တန်းကျောင်းများ၌ ကျင်းပပြုလုပ်ကြသည်။

အဆိုပါသင်တန်းဖွင့်ပွဲများသို့ သက်ဆိုင်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်များနှင့် တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များ၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများ၊ သင်တန်းတာဝန်ခံအရာရှိများ၊ သင်တန်း ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူက အဖွင့်အမှာစကားများ အသီးသီးပြောကြားကြသည်။

ထို့နောက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ငွေများ၊ စားသောက်ဖွယ်ရာများနှင့် အားကစားပစ္စည်းများပေးအပ်ရာ တာဝန်ရှိသူများက အသီးသီးလက်ခံရယူသည်။

ယခုဖွင့်လှစ်သော သင်တန်းများအနေဖြင့် ပထမနှစ်အခြေခံစစ်ပညာသင်တန်း၊ ဒုတိယနှစ်အခြေခံစစ်ပညာသင်တန်းနှင့် ပထမနှစ်တန်းမြင့်စစ်ပညာသင်တန်းတို့ကို အသီးသီးဖွင့်လှစ်ခဲ့ပြီး သာမန်သင်တန်းချိန်နှင့် စခန်းချလေ့ကျင့်ချိန် အလိုက် သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင်သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



မန္တလေးတိုင်းဒေသကြီး၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင်များ မိုးရာသီစခန်းချလေ့ကျင့်ရေးသင်တန်းဖွင့်ပွဲကျင်းပစဉ်။



ရန်ကုန်တိုင်းဒေသကြီး၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင်များ မိုးရာသီစခန်းချလေ့ကျင့်ရေးသင်တန်းဖွင့်ပွဲကျင်းပစဉ်။

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂-၁၀-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၁၃၅ | ၃၂၁၅ | ၃၁၉၀ | ၃၁၄၅ | ၃၂၁၅ | ၃၂၃၀ | ၃၂၄၀ | ၃၁၉၅ | ၃၃၂၀ | ၃၃၅၀ | ၃၂၀၅ | ၃၂၂၀ | ၃၂၅၀ | ၃၂၄၀ | ၃၂၅၅ | ၃၆၅၅ | ၄၆၀၀ |
| 95 Ron | ၃၂၉၀ | ၃၃၇၀ | ၃၃၄၅ | ၃၃၀၀ | ၃၃၇၀ | ၃၃၈၅ | ၃၃၉၅ | ၃၃၅၀ | ၃၄၇၅ | ၃၅၀၅ | ၃၃၆၀ | ၃၃၇၅ | ၃၄၀၅ | ၃၃၉၅ | ၃၄၁၀ | ၃၈၁၀ | ၄၈၀၀ |
| HSD (500 ppm) | ၂၅၈၅ | ၂၆၆၅ | ၂၆၄၀ | ၂၅၉၅ | ၂၆၆၅ | ၂၆၈၀ | ၂၆၉၀ | ၂၆၄၅ | ၂၇၇၀ | ၂၈၀၀ | ၂၆၅၅ | ၂၆၇၀ | ၂၇၀၀ | ၂၆၉၀ | ၂၇၀၀ | ၃၁၀၅ | ၄၆၀၀ |
| HSD (50 ppm) | ၃၂၃၀ | ၃၃၁၅ | ၃၂၉၀ | ၃၂၄၀ | ၃၃၁၅ | ၃၃၂၅ | ၃၃၄၀ | ၃၂၉၅ | ၃၄၂၀ | ၃၄၅၀ | ၃၃၀၀ | ၃၃၁၅ | ၃၃၅၀ | ၃၃၃၅ | ၃၃၅၀ | ၃၇၅၅ | ၄၆၀၀ |
| HSD (10 ppm) | ၃၂၃၀ | ၃၃၁၅ | ၃၂၉၀ | ၃၂၄၀ | ၃၃၁၅ | ၃၃၂၅ | ၃၃၄၀ | ၃၂၉၅ | ၃၄၂၀ | ၃၄၅၀ | ၃၃၀၀ | ၃၃၁၅ | ၃၃၅၀ | ၃၃၃၅ | ၃၃၅၀ | ၃၇၅၅ | ၄၆၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၇၃ | ၃၀၆၆ |
| 95 Ron | ၃၁၂၄ | ၃၂၂၀ |
| HSD (500 ppm) | ၂၄၄၀ | ၂၅၁၈ |
| HSD (50 ppm) | ၃၀၆၈ | ၃၁၅၉ |
| HSD (10 ppm) | ၃၀၆၈ | ၃၁၅၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း

လုပ်ငန်းကြီးကြပ်ရေးကော်မတီ




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ခင်းကျင်းပြသထားသည့်ပြခန်းများကို စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုစဉ်။



⏭ **စာမျက်နှာ ၁၇ မှအဆက်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ရရှိသူ တပ်ဖွဲ့ဝင် ၄ ဦးကိုလည်းကောင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးက စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ရရှိသူ တပ်ဖွဲ့ဝင် ၃ ဦးကိုလည်းကောင်း၊ ကောင်စီဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က စွမ်းရည်သတ္တိ ဂုဏ်ထူးဆောင်တံဆိပ်ရရှိသူ တပ်ဖွဲ့ဝင် ၂ ဦးနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်ရရှိသူ တပ်ဖွဲ့ဝင် ၁ ဦးကိုလည်းကောင်း ဂုဏ်ထူးဆောင်ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားသို့တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများ၊ ရုပ်လုံးရုပ်ကြွများ၊ တပ်ဖွဲ့/ဌာနများတွင် အသုံးပြုလျက်ရှိသည့် စက်ကိရိယာများ၊ နည်းပညာဆိုင်ရာပစ္စည်းများ၊ လက်နက်များ၊ ဝတ်စုံများ၊ ဆက်သွယ်ရေးပစ္စည်းများ၊ မူးယစ်ဆေးဝါးရှာဖွေစစ်ဆေးရေးစက်များနှင့် ပြခန်းများအတွင်း စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြောင်းသတင်းရရှိသည်။

(၁၀၀)

❖ **ပြည်ထောင်စုတစ်ဝန်းလုံး တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံတည်ငြိမ်မှုရှိစေရေး ဆောင်ရွက်ရာတွင် ပြည်သူလူထုနှင့် လက်တွဲပူးပေါင်းပြီး ပြစ်မှုကျူးလွန်မှုမရှိအောင် ကြိုတင်ကာကွယ်ရေး၊ ပြစ်မှုကျူးလွန်ပါကလည်း တရားခံများကို ချက်ချင်းစုံစမ်းဖော်ထုတ်ဖမ်းဆီးပြီး ပြစ်မှုအလိုက် ထိရောက်သည့် ပြစ်ဒဏ်ကျခံနိုင်ရေးတို့ကို တရားဥပဒေနှင့်အညီ စီမံဆောင်ရွက်ကြရန်လို. . .**

❖ **ပြည်သူလူထု၏ အကျိုးစီးပွားကိုကာကွယ်စောင့်ရှောက်ရာတွင်လည်း ရဲလုပ်ငန်းကျွမ်းကျင်မှု၊ ရိုးသားဖြောင့်မတ်မှု၊ သမာသမတ်ရှိမှုနှင့် ကျေပွန်စွာထမ်းဆောင်ရင်း ဂုဏ်သိက္ခာမြင့်မားပြီး ပြည်သူက လေးစားအားကိုးရလောက်သည့် ဥပဒေဘက်တော်သားများဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်. . .**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်  နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ရရှိသူ တစ်ဦး၏ မိသားစုဝင်အား ဂုဏ်ထူးဆောင်ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးက စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ရရှိသူတစ်ဦးအား ဂုဏ်ထူးဆောင်ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ရရှိသူတစ်ဦး၏ မိသားစုဝင်အား ဂုဏ်ထူးဆောင်ဆုပေးအပ်ချီးမြှင့်စဉ်။

⏭ **ကျောဖုံးမှအဆက်**

သံတမန်များ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အမျိုးသမီးရေးရာနှင့်ဆက်စပ်အဖွဲ့အစည်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ အငြိမ်းစားရဲအရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကိုအလေးပြုကြပြီး တာဝန်ထမ်းဆောင်ရင်း ကျဆုံးခဲ့ကြသော ရဲတပ်ဖွဲ့ဝင်များအား အမှတ်ရဂုဏ်ပြုသောအားဖြင့် (၁)မိနစ် ငြိမ်သက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က မိန့်ခွန်းပြောကြားရာတွင် လွတ်လပ်ရေးရပြီးသည့်နောက်ပိုင်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့ကြကြောင်း၊ တော်လှန်ရေးကောင်စီခေတ် ၁၉၆၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် **"ပြည်သူ့ရဲတပ်ဖွဲ့"** ဟု ခေါ်ဝေါ်သတ်မှတ်ခဲ့ပြီး ရဲတပ်ဖွဲ့နေ့အဖြစ်လည်း စတင်သတ်မှတ်ခဲ့ကြောင်း၊ ၁၉၉၅ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် ပြည်သူ့ရဲတပ်ဖွဲ့မှ **"မြန်မာနိုင်ငံရဲတပ်ဖွဲ့"** ဟု ပြင်ဆင်သတ်မှတ်ခဲ့ကြောင်း၊ ယခုအခါ နှစ် (၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့သို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း။

ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်အောင်မြင်စေရေး၊ ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရေးတို့ကို အလေးထားဆက်လက် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် တပ်မတော်နှင့်အတူ အကြမ်းဖက်မှုချေမှုန်းရေးကိုလည်း ပြည်သူနှင့်အတူ လက်တွဲပြီး ဆောင်ရွက်ရန်အလေးထား မှာကြားလိုကြောင်း။

ထို့ပြင် ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်တားဆီးရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်ရေးဆိုသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်(၄)ရပ်နှင့် **ပြစ်မှုများမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရေး၊ ဖြစ်ပွားပြီးပြစ်မှုများ စုံစမ်းဖော်ထုတ် တရားစွဲတင်ရေး၊ နိုင်ငံတော်အတွင်း စည်းကမ်းသေဝပ်တည်ငြိမ်ရေး၊ ပြည်သူလူထုလုံခြုံရေး၊ မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ်ကို တားဆီးနှိမ်နင်းရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရေးဆိုသည့် လုပ်ငန်းတာဝန် (၆)ရပ်**ကိုလည်း အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် နိုင်ငံဖြတ်ကျော်မှုခင်းများကို တားဆီးနှိမ်နင်းရာတွင် သတင်းလက်ဦးမှု ရယူဆောင်ရွက်နိုင်ရေးအတွက် အိမ်နီးချင်း ၅ နိုင်ငံနှင့်အတူ နယ်စပ်ဆက်ဆံရေးရုံးများ (Border Liaison Offices–BLOs) ကွန်ရက်စနစ်တည်ထောင်ပြီး သတင်းအချက်အလက်များကို အချိန်နဲ့တစ်ပြေးညီ အပြန်အလှန် မျှဝေဖလှယ်နိုင်ရေးအတွက် BLO အစည်းအဝေးများကိုလည်း အခါအားလျော်စွာ စဉ်ဆက်မပြတ်ကျင်းပ ပြုလုပ်ဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်း။

၂၀၂၃ ခုနှစ် အောက်တိုဘာလမှ ၂၀၂၄ ခုနှစ် ဩဂုတ်လအထိ မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံပေါင်း ၂၈ နိုင်ငံမှ တရားမဝင် ဝင်ရောက်လာသည့် နိုင်ငံခြားသား ၅၄၄၃၃ ဦးတို့ကိုလည်း လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်နှင်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

**❖ ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရေးတို့ကို အလေးထားဆက်လက်ဆောင်ရွက်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် တပ်မတော်နှင့် အတူ အကြမ်းဖက်မှုချေမှုန်းရေးကိုလည်း ပြည်သူနှင့်အတူလက်တွဲပြီး ဆောင်ရွက်ရန်အလေးထား. . .**

**❖ မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးနှိမ်နင်းရေး အတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း အနီးကပ်ပူးပေါင်းဆောင်ရွက် လျက်ရှိ၊ ၂၀၁၃ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေး "Operation 39/24(2024)" ကို ဆက်လက်ဆောင်ရွက် လျက်ရှိ . . .**

**❖ ဒေသတွင်း လူကုန်ကူးမှုခင်းများနှင့်လူမှောင်ခိုမှုများတားဆီးနှိမ်နင်းရေး စီမံကိန်းများတွင် အပြည်ပြည်ဆိုင်ရာရဲအဖွဲ့ (INTERPOL)၊ အာဆီယံရဲအဖွဲ့ (ASEANAPOL)တို့ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိ. . .**

**❖ တပ်ဖွဲ့ဝင်များ၏ တာဝန်ထမ်းဆောင်မှုကို နိုင်ငံတော်က အလေးထား အသိအမှတ်ပြုပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာစွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှု ဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များကို စိစစ်ချီးမြှင့်ပေးလျက်ရှိ. . .**

ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးနှိမ်နင်းရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း အနီးကပ်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၃ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေး **"Operation 39/24 (2024)"** ကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ ဩဂုတ်လ ၃၁ ရက်နေ့အထိ မြန်မာတစ်နိုင်ငံလုံး မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုအနေဖြင့် အမှုပေါင်း ၃၈၃၂ မှု၊ တရားခံ ၅၂၈၆ ဦး၊ စုစုပေါင်း တန်ဖိုးငွေကျပ်ဘီလီယံ ၇၅၀ ကျော်ရှိသည့် မူးယစ်ဆေးဝါးနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုများကို ထိရောက်စွာအရေးယူနိုင်ရန် ၂၀၂၂ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့တွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေသစ်ကို ပြဋ္ဌာန်းပေးခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ ၂၀၂၄ ခုနှစ် ဩဂုတ်လအထိ လူကုန်ကူးမှု ၂၇ မှုမှ တရားခံ ကျား ၃၀ ဦး၊ မ ၆၆ ဦး၊ စုစုပေါင်း ၉၆ ဦး အရေးယူနိုင်ခဲ့ပြီး လူကုန်ကူးခံရသူ ကျား ၅ ဦး၊ မ ၄၄ ဦး၊ စုစုပေါင်း ၄၉ ဦးကို ကယ်တင်နိုင်ခဲ့ကြောင်း၊ ဒေသတွင်း လူကုန်ကူးမှုခင်းများနှင့် လူမှောင်ခိုမှုများ တားဆီးနှိမ်နင်းရေး စီမံကိန်းများတွင် အပြည်ပြည်ဆိုင်ရာရဲအဖွဲ့ (INTERPOL)၊ အာဆီယံရဲအဖွဲ့ (ASEANAPOL) တို့ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ ဆက်လက်၍လည်း ထိရောက်အောင်မြင်အောင် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

တပ်ဖွဲ့ဝင်များ၏တာဝန်ထမ်းဆောင်မှုကို နိုင်ငံတော်က အလေးထားအသိအမှတ်ပြုပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များကို စိစစ်ချီးမြှင့်ပေးလျက်ရှိကြောင်း၊ မိမိကျရာကဏ္ဍတွင် တာဝန်ကျေပွန်စွာ ထမ်းဆောင်ရင်း အသက်ပေးလှူခြင်းနှင့် ကိုယ်အင်္ဂါအစိတ်အပိုင်း စွန့်လွှတ်သွားခဲ့ရသည့် ရဲတပ်ဖွဲ့ဝင်များ၏ ဇွဲ၊ လုံ့လ၊ စိတ်ဓာတ်၊ ကြိုးပမ်းမှုများအပေါ်တွင်လည်း ဂုဏ်ယူလေးစားအသိအမှတ်ပြုသည်ကို ပြောကြားလိုကြောင်း။

၂၀၂၃ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့အတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်ခဲ့ရာတွင် ရဲသူရတံဆိပ် ၁၀ ဦး၊ ရဲဇလတံဆိပ် ၁၃၂ ဦး၊ ရဲကျော်သူတံဆိပ် ၂ ဦး၊ လူမှုထူးချွန်တံဆိပ် (ဒုတိယအဆင့်) ၁ ဦး၊ ရဲမှုထမ်းကောင်းတံဆိပ် ၃၈၉ ဦး၊ နိုင်ငံတော်ရဲမှုထမ်းတံဆိပ် ၇၈၆ ဦး၊ မြန်မာနိုင်ငံရဲပူးတွဲတိုက်ပွဲဝင်တံဆိပ် ၂၇၆၅ ဦး၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် ၆၇ ဦး၊ ပြည်သူ့ဝန်ထမ်းတံဆိပ် ၅၇ ဦး၊ ငြိမ်ဝပ်ပိပြားရေးနှင့်တရားဥပဒေစိုးမိုးရေးတံဆိပ် ၅၆၄၂ ဦး၊ စုစုပေါင်း ၉၈၅၁ ဦးကို ချီးမြှင့်ပေးခဲ့ကြောင်း။

ပြည်ထောင်စုတစ်ဝန်းလုံး တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံတည်ငြိမ်မှုရှိစေရေး ဆောင်ရွက်ရာတွင် ပြည်သူလူထုနှင့် လက်တွဲပူးပေါင်းပြီး ပြစ်မှုကျူးလွန်မှုမရှိအောင် ကြိုတင်ကာကွယ်ရေး၊ ပြစ်မှုကျူးလွန်ပါကလည်း တရားခံများကို ချက်ချင်းစုံစမ်းဖော်ထုတ်ဖမ်းဆီးပြီး ပြစ်မှုအလိုက် ထိရောက်သည့် ပြစ်ဒဏ်ကျခံနိုင်ရေးတို့ကို တရားဥပဒေနှင့်အညီ စီမံဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ကြောင့် သစ္စာ၊ သမာဓိ၊ သတ္တိဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပြည်သူကအထင်ကြီးလေးစားပြီး ဂုဏ်ယူအားကိုးရသည့် စွမ်းရည်ရှိသည့် ရဲတပ်ဖွဲ့ဖြစ်စေရေး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် အဆင့်အတန်းအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ကြိုးပမ်းထမ်းဆောင်သွားကြရန် အထူးတိုက်တွန်းမှာကြားလိုကြောင်း။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် အဆင့်အတန်းအားလုံးသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို **"မျိုးချစ်စိတ်ရှိရမည်၊ စွမ်းရည်ပြည့်ဝရမည်၊ ခေတ်မီရမည်"** ဆိုသည့် မျှော်မှန်းချက်များနှင့် တည်ဆောက်ရာတွင် အဖွဲ့အစည်းကောင်းတစ်ခု၏ အနှစ်သာရဖြစ်သည့် စိတ်ဓာတ်ကောင်းမွန်ရေး၊ စွမ်းရည်ပြည့်ဝရေးနှင့် တာဝန်ကျေပွန်ရေး စသည်များကို စဉ်ဆက်မပြတ်ဆက်လက်ခံယူလေ့ကျင့်ဆောင်ရွက်သွားကြရန်၊ ပြည်သူလူထု၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရာတွင်လည်း ရဲလုပ်ငန်းကျွမ်းကျင်မှု၊ ရိုးသားဖြောင့်မတ်မှု၊ သမာသမတ်ရှိမှုနှင့် ကျေပွန်စွာထမ်းဆောင်ရင်း ဂုဏ်သိက္ခာမြင့်မားပြီး ပြည်သူကလေးစားအားကိုးရလောက်သည့် ဥပဒေဘက်တော်သားများဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရည်မှန်းချက်တာဝန်(၄)ရပ်နှင့် လုပ်ငန်းတာဝန်(၆)ရပ်တို့ကို အောင်မြင်အောင် ကြိုးစားအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်းဖြင့်ပြောကြားသည်။

ထို့နောက် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် Video Clip ကို ပြသသည်။

**စာမျက်နှာ ၁၅ သို့ ⏭**

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Nation-wise population and housing census begins; population and housing census of family of Chairman of State Administration Council Prime Minister Senior General Min Aung Hlaing enumerated by Ministry of Immigration and Population



An enumeration team conducts population and housing census at the residence of Senior General Min Aung Hlaing.

NAY PYI TAW October 1

Population and housing census enumeration began today in the entire Myanmar and it will continue for 15 days till 15 October.

Population and housing census of the family of Chairman of State Administration Council Prime Minister Senior General Min Aung Hlaing was enumerated this afternoon by an enumeration team led by Union Minister for Immigration and Population U Myint Kyaing at the Tatmadaw Guest House in the compound of the Office of Commander-in-Chief (Army).

The Senior General gave complete answers to the questions of the enumeration team that recorded the answers.

The team also conducted population and housing census of the families of SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win, Speaker of Pyithu Hluttaw U T Khun Myat, SAC Secretary General Aung Lin Dway, SAC Joint Secretary General Ye Win Oo, and SAC member General Maung Maung Aye at their respective homes.

A country adopts policies and plans for the balanced development of its social, economic and management undertakings based on the date collected by census. Normally, a country conducts a population census every ten years.

Data collected and recorded by a census apply not only to the government and the ministries, but also to all the people of a country. They are an essential foundation for multi sectors including political, economic, social, defence and public management sectors from individuals to the entire country. The Ministry of Immigration and Population is the key institution in conducting the census. As the census applies to the entire country, it will achieve success only with the collective involvement of the people.

Continuous availability of correct and precise population and economic statistics in time, adoption of necessary policies, strategies and tactics, following a research and compare of population and economic changes in Myanmar during a ten-year period from 2014 to 2024, provision of necessary indicators for the Myanmar Sustainable Development Plan – MSDP to assist the sector-wise projects, provision of support for the strategy for national level statistics sector development of the National Statistics System are the goals of the 2024 population and housing census.

In 2014 census, there were only 41 questions. As for more comprehensiveness of data and information, the 2024 census will ask 27 more questions. So the total number of questions will become 68.

Vivid examples of the additional questions include the main reason for school discontinuation in the education sector, garbage disposal system, sanitation in the housing sector and these questions will be followed by comment asking sections in connection with the way the government will support the public education, health and social sectors. Hence, they will be practically applicable. Enumerators will visit homes to collect census during the day from 7 am to 6 pm, and the date on which the team visits a house will be announced in advance. Census is unrelated to household form (66/6) or form 10, national registration card, or citizenship. Except from the ones who are not included in the census, all the persons who are within the territory of Myanmar during the census reference period will be enumerated. There will be no tax and no legal action for any possession known through census enumeration. There is also no need to worry about any family member who is abroad and no action will be taken against him. 100



General Ye Win Oo presents medal of excellent performance and courage to inspector Kyaw Zin Oo.



The Union Minister for Home Affairs presents medal of excellent performance and courage to inspector Tun Naing Zaw.

●● From Page - 21

such as tranquility of wards and villages, the rule of law, prevention of danger of narcotic drugs and public services and six tasks of the MPF including **crime prevention, investigation and charging at the court of law maintaining order in the country, public security, prevention and elimination of psycho-tropic and narcotic drugs and public services.**

The MPF of the Ministry of Home Affairs has established a Border Liaison Offices network with five neighboring countries and is urged to hold BLOs meetings continuously to share information with them in real time.

A total of 54,433 foreigners from 28 countries, who illegally entered Myanmar during the period from October, 2023 and August, 2024, were deported in accordance with rules and regulations.

Myanmar is closely cooperating with international organizations to prevent and eliminate the dangers posed by narcotic drugs. Myanmar has continued to conduct special drug elimination Operation 39/24 (2024) from 2023 to 2024. During the period from 1 January to 31 August, 2024, Myanmar was able to reveal 3,832 drug seizure cases and arrested 5,286 suspects, worth Ks-750 billion of drugs and precursor materials.

To take action against human trafficking effectively, Myanmar enacted a new law on 16 June 2022. During the time from October 2023 to August 2024, the MPF took action against 30 men and 66 women, totaling 96 in 27 human trafficking cases and rescued 5 men and 44 women victims totaling 49. It is cooperating with INTERPOL and ASEA-NAPOL in curbing regional human trafficking crimes and launching anti-human trafficking campaigns. Continued efforts are required for further success.

The nation recognized the efforts of the anti-human trafficking teams and conferred gallantry performance medals on them. Zeal, perseverance, morale and efforts of police members who sacrificed their lives in the line of duty are honoured and recognized.

Ye Thura medal was conferred on 10 police members, Ye Bala medals on 132, Ye Kyawthu medals on two, Excellence in Social Duties (Grade 2) on one, good police personnel medal on 389, State Police Service medal on 786, joint combat medal on 2,765, good public servant medal on 67, public servant medal on 57, law and order restoration medal on 5,642, totaling 9,851 during the period from 1 October 2023 to 1 October 2024.

In ensuring security and stability and rule of law in the entire country, police members need to join hands with people in taking crime prevention, and exposing the suspects immediately and take action against them. Hence, all police members should strive with unity to have the ability honored and relied on by the people in accord with loyalty, integrity and courage of MPF.

In building MPF under the goal – **patriotism, capacity and modernity,** its members must be trained to possess good moral, capability and be dutiful, the essence of a good institution. They must try to become the dutiful lawmen that are skilled in police duties and reliable, and possess honesty and integrity in safeguarding public interest. They must always keep in fore Our Three Main National Causes and realize the three aims and six duties of MPF.

A video clip on 60th anniversary of MPF was shown.

The Senior General then conferred medals of excellent performance and courage on 4 MPF members, the SAC Joint Secretary, medals of excellent performance and courage on three members, the SAC member Home Affairs Union Minister medals of excellent performance and courage on two members and medal of performance on one member.

The Senior General posed for documentary photo together with the attendees and cordially greeted them.

He visited the commemorative booths on documentary photos, embossed figures, equipment, technological tools, weapons, uniforms, communication sets, drug searchers with keen interest. **100**

# Katha Township finishes cultivation of sugarcane on more than 60,000 acres of land

KATHA October 1

Local farmers have so far planted 62,008 acres of sugarcane plants in Katha Township of Sagaing Region, according to the statistics of Katha Township Agriculture Department.

In 2024-2025 monsoon, Katha Township earmarked cultivation of 62,493 acres of sugarcane plants. Local farmers have so far planted 62,008 acres of sugarcane against the target.

U Ko Lay, Head of Katha Township Agriculture Department said: "This monsoon, local authorities set a plan to grow 62,493 acres of sugarcane plantations in Katha Township but local farmers have cultivate 62,008 acres of sugarcane. They are trying hard to meet the target cultivation. Local farmers regularly grow sugarcane plants."

Sugarcane plants are grown in Shwebo, Kanbalu and Katha districts in Sagaing Region. Of them, Katha and Kanbalu districts grow the largest sown acreage of sugarcane.

Farmers need to cost Ks-600,000 to Ks-700,000 per acre of sugarcane, and it yields some 30 tons of sugarcane per acre.

Local farmers in Sagaing Region prefer to grow Ks-95/84, Nawade-4, Phawmoza and Sinshweli strains of sugarcane. They prefer to grow sugarcane in monsoon season and in irrigated areas.

**SMK**

# More than 16,000 acres of monsoon paddy grown in Kalewa Township

KALEWA October 1

Kalewa Township Agriculture Department stated that a total of 16,005 acres of farmlands have been placed under monsoon paddy in Kawela Township of Sagaing Region this monsoon.

The township authorities earmarked cultivation of 18,634 acres of monsoon paddy in 2024-2025 monsoon season but local farmers have so far planted 16,005 acres against the target cultivation.

U Myo Naing, Head of Township Agriculture Department said: "Local farmers have grown more than 16,000 acres of monsoon paddy against the target of over 18,000 acres this monsoon. Our department will help local farmers grow quality strains of crops with advanced technology for enabling local farmers to grow monsoon paddy in time."

Relevant township agriculture department and local farmers are cooperating with each other in systematically growing monsoon paddy without any difficulties.

Staff members of the township agriculture department conduct provision of agricultural techniques, prevention of pests, minimizing loss and waste of crops and keeping paddy under shelter in time.

This year, monsoon paddy plantations are thriving in Kalewa Township. Officials of Township Agriculture Department share technological assistance with local farmers to choose quality strains of crops, prevention of pests, weeding and removal of different paddy strains as well as systematic use of fertilizers. **SK**

# 60th anniversary of Myanmar Police Force Day commemorative dinner held



Senior General Min Aung Hlaing watches performances at the 60th anniversary of Myanmar Police Force Day.

NAY PYI TAW October 1

A commemorative dinner event was held to honor the 60th anniversary of Myanmar Police Force Day this evening at the Myanmar International Convention Center-2 in Nay Pyi Taw. The Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing attended the event.

The event was also attended by the Senior General's wife, Daw Kyu Kyu Hla, the Joint Secretary of the Council General Ye Win Oo, and his wife, Council members and their spouses, Union Ministers, Union-level dignitaries and their wives, the Chairman of Nay Pyi Taw, the senior military officers from the Office of the Commander-in-Chief of Defence Services and their wives, Deputy Ministers, heads of departments, women's organizations, the Chief of Myanmar Police Force and officers, retired senior police officers, artists, and other officials.

The Senior General, along with his wife, and the attendees were welcomed by the officials upon arrival.

Next, the Senior General and wife and the attendees enjoyed the commemorative dinner together.

Before and during the dinner, members from the Myanmar Police Force's band, artists from the Fire Services Department, and performers from the Fine Arts Department under the Ministry of Religious Affairs and Culture and artists from the Myawady music band under the Directorate of the Public Relations and Psychological Warfare provided musical entertainment.



Senior General Min Aung Hlaing presents cash reward to the performers of Myanmar Police Force band.

After the dinner, Senior General Min Aung Hlaing and his wife presented honorary flower bouquets and cash awards to the Myanmar Police Force's band and the performers in recognition of their performances. **100**

# Homalin Township farmers cultivate 25,972 acres of rain-fed crops

HOMALIN October 1

